ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်၊ ကြာသပတေးနေ့၊ (3-4-2008) (၅၆၄၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသွားသည် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား ပို့ဆောင်နှုတ်ဆက်

နေပြည်တော် ဧပြီ ၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသွားသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။
(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ မိုဟာမက် ဟာမစ်အန်ဆာရီ၏ ဖိတ်ကြားချက်အရ ယနေ့ နံနက် ၉ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသွားသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး၊ ဗိုလ်ချုပ်ခင်ဇော်နှင့် စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ၎င်းတို့၏ ဇနီးများ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ယနေ့ မိုးလေဝသ

(၃-၄-၂၀၀၈)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

(၃-၄-၂၀၀၈)
ကြာသပတေးနေ့

ပေါင်းစည်းသာယာဝပြောမှု ခိုင်မာစေရေးကြိုးပမ်း မဲခေါင်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဖော်ဆောင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး သိန်းစိန်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ မတ်လ ၃၁ ရက်နေ့က ကျင်းပသည့် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနား၊ မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ တံခါးပိတ်ထိပ်သီးအစည်းအဝေး၊ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲများနှင့် ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက် လက်မှတ်ရေးထိုးပွဲ အခမ်းအနားတို့သို့ တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ဒေသတွင်း နိုင်ငံခေါင်းဆောင်များက အခြေခံအဆောက်အအုံ ဆက်စပ်ယှက်နွယ်မှုတိုးမြှင့်ရေး၊ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး လွယ်ကူချောမွေ့စေရေး၊ ဒေသတွင်း စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ရေး၊ ယှဉ်ပြိုင်မှုစွမ်းအားတိုးမြှင့်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများ ထိပ်သီးအစည်းအဝေးက မဲခေါင်ဒေသခွဲစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ ရေ့စိန်ခေါ်မှုများ၊ အခွင့်အလမ်းများနှင့် အနာဂတ်ဆောင်ရွက်မည့် လုပ်ငန်းလမ်းကြောင်းများ၊ မဲခေါင်ဒေသ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းအစီအစဉ်များပါရှိသည့် ပူးတွဲကြေညာချက်ကို သဘောတူ ထုတ်ပြန်နိုင်ခဲ့သည်။

ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ခေါင်းဆောင်များအနေဖြင့် အနာဂတ်မျှော်မှန်းချက်ဖြစ်သော မဲခေါင်ဒေသခွဲ ပေါင်းစည်းသာယာဝပြောပြီး သာတူညီမျှရှိသည့် ဒေသတစ်ခုဖြစ်ရေး ကတိကဝတ်များ ခိုင်မာစေရေး ထပ်လောင်းဆုံးဖြတ်ခဲ့ကြသည်။

ယခုအခါ မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နယ်စပ်ဖြတ်ကျော်၍ လျှပ်စစ်ဓာတ်အား ကုန်သွယ်မှုအကောင်အထည်ဖော် ဆောင်ရွက်ခြင်း လမ်းပြမြေပုံဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ မဟာမဲခေါင်မြစ်ဝှမ်း တောင်-မြောက် စီးပွားရေးစင်္ကြံ ရေရှည်တည်တံ့ပြီး ညီညွတ်မျှတသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိရန် ဦးတည်သော နားလည်မှုစာချွန်လွှာတို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီးဖြစ်ရာ ဒေသတွင်းနိုင်ငံများ၏ ပေါင်းစည်းညီညွတ်မှုဖြင့် မဲခေါင်မြစ်ဝှမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားနိုင်ကြမည် ဖြစ်ပါသည်။ ။

ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ မဟာသန္တိသုခ ဗုဒ္ဓဘာသနာပြု ကျောင်းတော်ကြီးဝင်းအတွင်း ဆောက်လုပ်မည့် ဝိသာခါနှစ်ထပ်ကျောင်းဆောင်သစ်၏ ရေချိုးခန်း၊အိမ်သာပါအခန်းတစ်ခန်းအတွက် ငွေကျပ်သိန်း၃၀ကျော်နှင့် ကျောင်းနေသံဃာတော်များအတွက် ထာဝရဆွမ်းပဒေသာပင် ငွေကျပ်နှစ်သိန်း၊ စုစုပေါင်းငွေကျပ်၃၂သိန်းကို ရန်ကုန်မြို့ပုဇွန်တောင်မြို့နယ် အထက်ပုဇွန်တောင်လမ်းနေ ဦးတင်ထူးနှင့် ဒေါ်နွဲ့နွဲ့ဝင်း၊ သား မောင်ထူးအောင်ဝင်း၊ သမီး မခင်စုစုဝင်း(ထူးရေခဲမုန့်)မိသားစုက ကျောင်းပဓာန နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇနိတ မထေရ်မြတ် ရှေ့မှောက်၌လှူဒါန်းရာ ဆရာတော်က အနုမောဒနာ ရေစက်ချတရား ချီးမြှင့်ပြီး ဂေါပက အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဗိုလ်မှူးကြီးစောမြင့်(ငြိမ်း)က အလှူငွေများကို လက်ခံယူစဉ်။ (က-ပ)

ပြည်သူ့သဘောထား

✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

e.Government လုပ်ငန်းစဉ်များ ညှိနှိုင်းအစည်းအဝေးကျင်းပ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၂

e.Government **လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၁ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအဖွဲ့ဝင်များ၊အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေး ကြီးကြပ်မှုအဖွဲ့ဝင်များ တက်ရောက်ကြသည်။**

အစည်းအဝေးတွင် အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေးဆိုင်ရာများနှင့် Certification Authority (C.A) ဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသော ဗဟိုအဖွဲ့ဝင်များနှင့် ကြီးကြပ်မှုအဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြပြီး အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အီလက်ထရွန်နစ်ဆက်သွယ်ဆောင်ရွက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် e.Government လုပ်ငန်းစဉ်များအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (ဆက်သွယ်ရေး)

နိရှိ တိုကျို ဂျပန်ကျောင်းခွဲဖွင့်ပွဲနှင့် ပညာရေးဆွေးနွေးပွဲကျင်းပမည်



ရန်ကုန် ဧပြီ ၂

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ **Tokyo West International Education Academy** ၏ ရန်ကုန်ကျောင်းခွဲ **SKY HOME** ဖွင့်ပွဲနှင့် ဂျပန်နိုင်ငံတွင် ဂျပန်ဘာသာစကား သင်ယူလေ့လာလိုသူတို့အတွက်သိကောင်းစရာ ပညာရေးဟောပြောပွဲနှင့် ဆွေးနွေးပွဲကို ဧပြီ ၅ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့ **Traders Hotel** ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဖွင့်ပွဲနှင့် ပညာရေးဆွေးနွေးပွဲသို့ နိရှိ တိုကျိုကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဂျပန်ဆရာများ ကိုယ်တိုင် တက်ရောက်ဖွင့်လှစ် ဟောပြောဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ အခမဲ့ တက်ရောက်ဆွေးနွေးနိုင်သည်။

နိရှိ တိုကျိုကျောင်းခွဲကို **SKY HOME** အမည်ဖြင့် ရန်ကုန် လှည်းတန်းဈေးထိပ် စန္ဒာမြိုင် ကွန်ဒို(၁၀) ထပ်၌ ဖွင့်လှစ်ထားပြီး ဂျပန်ဘာသာအပြင် အင်္ဂလိပ်နှင့် တရုတ်ဘာသာစကားများကိုပါ သင်ကြားပေးမည်ဖြစ်သည်။ ဂျပန်နိုင်ငံရှိ နိရှိ တိုကျိုကျောင်းတွင် ဂျပန်ဘာသာ ဆက်လက်လေ့လာ သင်ယူလိုသူများသည် **SKY HOME** ၌ လာရောက်သင်တန်းတက်ပါကနိရှိတိုကျိုကျောင်းသို့ တက်ရောက်နိုင်ရေး တိုက်ရိုက်ချိတ်ဆက်ပေးမည်ဖြစ်ပြီး လေးတန်းအထက် ကလေးများအတွက်လည်း ဂျပန်နိုင်ငံ သင်ရိုးအတိုင်း သင်ကြားပေးမည့် အထူးအစီအစဉ်လည်းရှိကြောင်းသိရသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-ဖက်စ် ၀၁ -၅၃၅၁၄၄၊ ၀၉-၅၀၄၈ ၅၂၀၊ Email info@ sky home .info info@tokyo-west. com web site: www. tokyo- we st. com တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမြိုက်ကျောင်းသခ်မ်းသကြ္ဍန်တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၂

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် လှော်ကားသဘာဝဥယျာဉ်အနီး၊ လိပ်ပုတ်တောရာကြီးကျေးရွာ အမြိုက်ကျောင်းသခ်မ်းတရားစခန်းတွင် နှစ်စဉ်ကျင်းပမြဲအတိုင်း ဧပြီ ၁၁ ရက်မှ ၂၂ ရက်အထိ နွေရာသီသင်္ကြန် တရားစခန်းဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းအပြီး (တန်ခူးလပြည့်ကျော် ၂ ရက်)၊ ဧပြီ ၂၂ ရက် နံနက် ၈ နာရီတွင် ဆရာတော်အရှင်အာစိဏ္ဏ၏ သက်တော်(၇၅)နှစ်ပြည့် စိန်ရတုအခမ်းအနားကိုလည်း အမြိုက်ဝတ်ရည် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ စေတနာရှင်များနှင့် ယောဂီများသည် အမြိုက် တရားစခန်း ဖုန်း- ၇၀၃၅၁၀၊ သမိတိအဖွဲ့ ဥက္ကဋ္ဌ ဦးမန်းမောင်မောင်ဉာဏ် ဖုန်း- ၆၆၂၉၆၆၊ တွဲဖက်အတွင်းရေးမှူး ဦးလှထွန်း ဖုန်း-၆၁၀၂၅၈၊ အဖွဲ့ဝင် ဦးသန်းထွဋ်ဖုန်း-၀၉၉ ၈၂၁၇၅၀ တို့သို့ ဆက်သွယ်နိုင်ကြောင်းနှင့် တရားစခန်းဝင်မည့် ယောဂီများသည် ဧပြီ ၁၁ ရက်ထက် နောက်မကျစေဘဲ အမြိုက်တရားစခန်းသို့ သတင်းပို့ကြရမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ညောင်ရိုပ်သာဓမ္မဗိမာန်အလှူ

ရန်ကုန် ဧပြီ ၂

သာကေတမြို့နယ် ၁၀၈ တောင်ဘုရားအနီး ညောင်ရိပ်သာတရားစခန်းတွင် သင်္ကြန်အကြို သင်္ကြန်တွင်း ခုနစ်ရက်တရားစခန်း ဖွင့်၍လယ်တီဆရာတော်ကြီး၏ကာယာနုပဿနာနှင့် ဓာတုမနသီကာရနည်းအရ ပဓာန နာယကဆရာတော် အရှင်ကေသရ ဘိဝံသက တရားပြလျက် ရှိရာတိုးချဲ့ ဓမ္မဗိမာန်ကျောင်းတော်ကြီးနှင့် ဆွမ်းဝေယျာဝစ္စအတွက် ရန်ကုန်-သန်လျင် တံတားစီမံကိန်းတိုက်မှဇနီးဒေါ်ခင်ဝင်းအားရည်စူး၍ ဦးမြင့်ဆွေနှင့် သားကိုသက်ပိုင်ဖြိုးက ငွေကျပ်နှစ်သိန်းနှင့် ဆွမ်းဆန်တစ်အိတ်၊ မိဘများ အမှူးထား၍ ဦးကျော်ကျော်မန်း-ဒေါ်ခင်မြတ်မွန်၊ သား မောင်သာလင်းထက်က ငွေကျပ်သုံးသိန်း၊ မိခင်ကြီး ဒေါ်အေးငွေအား ရည်စူး၍ အစ်ကို၊ အစ်မများနှင့် ဦးနေလင်း-ဒေါ်ကေကေခိုင်(၁၀) တောင်၊ ခိုင်ရွှေဝါမိသားစုက ငွေကျပ်တစ်သိန်းငါးသောင်း၊ဦးလှဝေ-ဒေါ်ဝင်းတင် သား၊ သမီး၊ မြေး၊ ရဟန်းဒါယကာမိသားစု ၈ ရပ်ကွက်၊ မဟာဝန်ကငွေကျပ်တစ်သိန်းငါးသောင်း၊ ဦးစိုးနိုင်-ဒေါ်စုစု၊ သားသမီး သီရိမင်္ဂလာ သမ္ဘာရဒိုင်က ငွေကျပ်တစ်သိန်း၊ ဦးစိုးတင့် သား၊ သမီး၊ မြေး၊ ၁၀ တောင်သလ္လာဝတီ ၄လမ်းက ငွေကျပ်တစ်သိန်း အသီးသီး လှူဒါန်းကြသည်။

ဓမ္မဗိမာန်တရားစခန်းနှင့် ဆွမ်းဝေယျာဝစ္စ စေတနာရှင်များသည် ဖုန်း- ၅၄၇၀၂၅ သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

☆ **ရှေ့ဖုံးမှ**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Manoj Kumar Bharti၊ ဇနီး Mrs. Anamika Bharti နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါသွား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ တပ်မတော် စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်ညာဏ်ထွန်း၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်စိန်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

မတ် ၂၇ ရက်က နှစ်ဖက်သောမိဘများနှင့် ကွယ်လွန်သူ ခိုင်ရွှေဝင်း ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်သန်းနုအား ရည်စူး၍ ရန်ကုန်မြို့ အင်းလျားလမ်းနေ ဦးတင်ရွှေ-ဒေါ်မွေး၊ မန်နေဂျာ ဦးအေး မိသားစု၊ မင်္ဂလာဒုံဈေး ချိုရွှေဆိုင်မှ ဒေါ်စောတင်မိသားစုနှင့် (ဦးမြင့်စိုး)-ဒေါ်အေးအေး(ရောင်ခြည်ဦးရွှေဆိုင်)မိသားစုများက ပဲခူးမြို့ အင်းတကော်ကျေးရွာအုပ်စု၊ ပဲခူးတောင်သာသနာပြုစခန်း သာသနာ့ဇောတိကကျောင်းတိုက်တွင် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရာ၌ အသုံးပြုရန်အတွက် ငွေကျပ် ၂၄၀၀၀၀ တန်ဖိုးရှိ ရေခဲသေတ္တာတစ်လုံးကို ပဓာနနာယကဆရာတော်သို့ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်အချောထည်စက်ရုံများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဧပြီ ၁ ရက်တွင် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ်(၃) စက်မှုဇုန်ရှိ Fly Man ကုမ္ပဏီလီမိတက် National Pride သစ်အချောထည် စက်ရုံသို့ရောက်ရှိပြီး စက်ရုံမှ ထုတ်လုပ်သော သစ်ခွဲသားများ၊ ပြည်ပတင်ပို့ရန် ထုပ်ပိုးထားသော တန်ဖိုးမြင့် သစ်အချောထည်များ၊ သစ်ခွဲစိတ် လည်ပတ်ပုံ အဆင့်ဆင့်နှင့် ကုန်ချောထုပ်ပိုးစက်များကို လည်းကောင်း၊ လှိုင်သာယာမြို့နယ် အမှတ်(၄)စက်မှုဇုန်ရှိ Asia Wood သစ်အချောထည် စက်ရုံ၌ နိုင်ငံခြားသို့တင်ပို့ရန် ထုပ်ပိုးထားသော ပရိဘောဂပစ္စည်းများ၊ တန်ဖိုးမြင့်သစ်ခွဲသားများ၊ ပရိဘောဂထုတ်လုပ်နေမှု အဆင့်ဆင့်၊ သစ်ခွဲစိတ်မှုအဆင့်ဆင့်ကို လည်းကောင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် လှိုင်သာယာမြို့နယ် အမှတ်(၃)စက်မှုဇုန်ရှိ Fly Man ကုမ္ပဏီလီမိတက် National Prideသစ်အချောထည် စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဝိပဿနာအလုပ်ပေး ခုနစ်ရက်တရားစခန်း

ရန်ကုန် ဧပြီ ၂

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ပုရွက်ဆိတ်ကုန်းရပ်ကွက် ဝေနေယျသုခကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီး ဘဒ္ဒန္တနန္ဒသာရ (မယ်လမုဩဝါဒါစရိယ၊ မြို့နယ်ဩဝါဒါစရိယ)က နိဗ္ဗာန်သွားရန်ခရီးမှန် နိဗ္ဗာန်သွားနည်း မဂ်ခရီး အာနာပါန ဝိပဿနာအလုပ်ပေးတရားစခန်းကို နှောင်းတန်ခူးလဆန်း ၆ရက် (ဧပြီ ၁၁ရက်)မှဦးတန်ခူးလဆန်း ၁၂ ရက် နှစ်ဆန်းတစ်ရက်(ဧပြီ ၁၇ရက်) အထိ ခုနစ်ရက်တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။

တရားအားထုတ်လိုသူ ယောဂီများ အဆိုပါကျောင်းတိုက်သို့ နှောင်းတန်ခူးလဆန်း ၁ ရက်(ဧပြီ ၆ရက်)နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် (၂)လမ်းရှိ ရတနာမဥ္ဇူဓမ္မရိပ်သာကျောင်းတိုက်အတွင်း ဆောက်လုပ်လျက်ရှိသော စိတ္တဝိဝေကလေးထပ်ကျောင်းတော်ကြီးအတွက် မော်လမြိုင်နေ ဦးကာတင်-ဒေါ်မြင့်ရီ၊ သမီး မအေးအေးဦး၊ မစန်းစန်းဦး မိသားစုက အလှူငွေကျပ် ၁၂၀၀၀၀ ကို လှူဒါန်းရာ ကမ္မဋ္ဌာနာစရိယဆရာတော် အရှင်ဇေယျာနန္ဒ(ပုဂံ)က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်ရန် သဘောတူ

နေပြည်တော် ဧပြီ ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာဒေါ့ဂလပ်စ် ဟာဗေး မွန်ရိုးဂစ်ဘ်ဆင်အား ခန့်အပ်ရန် တောင်အာဖရိကသမ္မတနိုင်ငံ အစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူလိုက်ပြီဖြစ်သည်။

မစ္စတာ ဒေါ့ဂလပ်စ်ဟာဗေး မွန်ရိုးဂစ်ဘ်ဆင်သည် ၁၉၄၂ ခုနှစ် ဩဂုတ် ၈ ရက်တွင် တောင်အာဖရိကသမ္မတနိုင်ငံ ဂျာမစ်တန်မြို့၌ မွေးဖွားခဲ့သည်။ ဥပဒေဘွဲ့ရရှိပြီးနောက် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများဆိုင်ရာ ဥပဒေပညာရှင်အဖြစ်သာမက အရေးကြီးသည့် စီးပွားရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ အမှုများတွင်လည်း ပါဝင်လုပ်ကိုင်ခဲ့သည်။

မစ္စတာဒေါ့ဂလပ်စ်ဟာဗေး မွန်ရိုးဂစ်ဘ်ဆင်သည် ၁၉၆၅ ခုနှစ်တွင် နိုင်ငံရေးလောကထဲသို့ ဝင်ရောက်လာခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် ဒီမိုကရက်တစ်ပါတီ ယိုဗီးလ်ပြည်နယ်၏ ပါလီမန်အမတ်အဖြစ် ရွေးချယ်ခြင်းခံရပြီး ၁၉၉၄၊ ၁၉၉၉ ခုနှစ်နှင့် ၂၀၀၄ ခုနှစ်တို့တွင် ထပ်မံရွေးချယ်ခြင်းခံခဲ့ရသည်။ ၎င်းသည် ပါလီမန်တွင် တရားရေး၊ လုံခြုံရေး၊ အကျဉ်းထောင်နှင့် ပြုပြင်ရေးစခန်းဆိုင်ရာ ကိစ္စရပ်များ၊ ကာကွယ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် နိုင်ငံခြားရေးရာကိစ္စရပ်များ စသည်တို့တွင်ဒီမိုကရက်တစ်ပါတီ၏ပြောရေးဆိုခွင့်ရှိသူအဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၀၀၇ ခုနှစ် ဇွန်လတွင် စီးပွားရေးဆိုင်ရာပြောရေးဆိုခွင့်ရှိသူအဖြစ်ခန့်အပ်ခြင်းခံခဲ့ရသည်။ ၎င်းသည်၁၉၉၄ ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ ပါလီမန်တွင် အတိုက်အခံပါတီ၏ မဲပေးစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။

မစ္စတာ ဒေါ့ဂလပ်စ် ဟာဗေး မွန်ရိုးဂစ်ဘ်ဆင်သည် အိမ်ထောင်သည်တစ်ဦးဖြစ်၍ သားတစ်ဦး ထွန်းကားခဲ့သည်။

မစ္စတာ ဒေါ့ဂလပ်စ် ဟာဗေး မွန်ရိုးဂစ်ဘ်ဆင်သည် ဗန်ကောက်မြို့၌ ရုံးစိုက်ပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ (သတင်းစဉ်)

နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနိယပွဲတော်အကြို ဓမ္မပူဇာသဘင်ကျင်းပမည်

ရန်ကုန် ဧပြီ ၂

ပုဇွန်တောင်မြို့နယ် အမှတ်(၆) ရပ်ကွက် တပ်မြေ၏ အကြိမ်(၄၀) မြောက် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနိယပွဲတော်အကြို ဒုတိယအကြိမ်မြောက် ဓမ္မပူဇာသဘင် အထူးတရားပွဲကို ကျင်းပမည်ဖြစ်ရာ ဧပြီ ၄ ရက် ည ၇နာရီခွဲတွင် ဓမ္မဘေရီအရှင်ဝိရိယ တောင်စွန်းဆရာတော်၊ ဧပြီ ၅ ရက် ည ၈နာရီတွင် အရှင်ခေမိန္ဒ (စစ်ကိုင်းခင်မကန်)ဆရာတော်၊ ဧပြီ ၆ ရက် ညနေဆည်းဆာ ၆နာရီတွင် ဒေါက်တာအရှင်ကောဝိဒ (မဇ္ဈိမဂုဏ်ရည်) ဆရာတော်နှင့် ဧပြီ ၇ ရက် ည ၇နာရီတွင် အရှင်ဇဝန (မေတ္တာရှင်၊ ရွှေပြည်သာ) ဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူမည်ဖြစ်ကြောင်းသိရှိရသည်။(က-ပ)

စက်သုံးဆီ၊ သဘာဝဓာတ်ငွေ့ (CNG) အရောင်းဆိုင်များ မဟာသင်္ကြန်ရက်များတွင် ပုံမှန် ဖွင့်လှစ်ရောင်းချမည်

နေပြည်တော် ဧပြီ ၂

စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ရန်ကုန်တိုင်းအတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များ၊ သဘာဝဓာတ်ငွေ့ (CNG) အရောင်းဆိုင်များကို မဟာသင်္ကြန်ရုံးပိတ်ရက်များတွင် ပုံမှန် ဖွင့်လှစ်ရောင်းချမည်ဖြစ်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၄-၂၀၀၈ (ကြာသပတေးနေ့)

AM & PM	
၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"ပဋိစ္စသမုပ္ပါဒ်ဖြတ်မှ ဒုက္ခပြတ်မည်"တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
၇း၅၅-၁း၅၅	နိဗ္ဗာန်ဆီသို့...အမေးအဖြေများ
၈း၁၅-၂း၁၅	တေးဂီတအစီအစဉ်
၈း၂၀-၂း၂၀	ပြည်တွင်းအနုပညာရေးရာ
၈း၄၀-၂း၄၀	စွမ်းအားစက်မှုအရင်းပြု စီမံဆောင်ရွက်နိုင်ငံ့အတွက် ထုတ်လုပ်နေတာ မြန်မာ့တာယာ
၉း၀၅-၃း၀၅	တေးဂီတအစီအစဉ်
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀-၃း၂၀	စားချင်စဖွယ်နည်းအသွယ်သွယ်(ရွှေကြည်ဆန္ဒင်းမကင်း)
၉း၃၀-၃း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၃၅-၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀-၃း၄၀	အဖိုးတန်နွေ
၁၀း၀၀-၄း၀၀	မိုးလေဝသခန့်မှန်းချက်
၁၀း၀၅-၄း၀၅	ရွေးချယ်အစုံစုံ ရင်သွေးရိပ်မြုံ (Lumbini Academy Pre School)
၁၀း၂၅-၄း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၅-၄း၃၅	ဆေးမင်ကြောင်နှင့်လေဆာ
၁၀း၅၅-၄း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀-၅း၀၀	TRI SHOW
၁၁း၂၅-၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀-၅း၃၀	ACTIVITIES in The City
၁၁း၅၀-၅း၅၀	ကလေးတို့အတွက်လက်ဆောင်(ပန်းကုံးလှလှလေး)
၁၂း၀၅-၆း၀၅	အနုပညာရပ်ဝန်းမှရင်ခုန်သံများ"ရင်နှင့်အောင်မွေး"
၁၂း၃၅-၆း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀-၆း၄၀	သဘာဝကပေးတဲ့အကျိုးအာနိသင်
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

အိုလံပစ်ပွဲတော်မတိုင်မီ ပေကျင်းတွင် ဆေးလိပ်မသောက်ရ ကန့်သတ်မှုများ ထုတ်ပြန်မည်

ပေကျင်း ဧပြီ ၁

တရုတ်နိုင်ငံအနေဖြင့် အိုလံပစ်အားကစားပွဲတော်ကို ဆေးလိပ်မီးခိုးကင်းစင်စေရမည်ဟု အာမခံထားသည်။ သို့ဖြစ်သည့်အားလျော်စွာ ဆေးလိပ်ကင်းစင်ရေး အရေးယူမှုများကို ယခုနှစ်မေလကတည်းက စတင်၍ ဆောင်ရွက်သွားရန် အစီအစဉ်ရှိကြောင်း အာဏာပိုင်များ၏ ပြောကြားချက်ကို ကိုးကား၍ ဒေသခံမီဒီယာများက မတ် ၃၁ ရက်တွင် ဖော်ပြသည်။

ပိတ်ပင်

ဆေးလိပ်မသောက်ရ တားမြစ်ထားသော အမိန့်ကို မေလ ၁ ရက်တွင် စတင်ကျင့်သုံးသောအခါ အစိုးရရုံးအဆောက်အအုံများ၊ အများပြည်သူသုံးစွဲရာနေရာများနှင့် သယ်ယူပို့ဆောင်ရေးယာဉ်များတွင် ဆေးလိပ်မသောက်ရန် ပိတ်ပင်ထားသည်။

အကျုံးမဝင်

သို့သော် ဆေးလိပ်တားမြစ်သောအမိန့်သည် စားသောက်ဆိုင်များ၊ ဘားများနှင့် ကလပ်များတွင် အကျုံးမဝင်ကြောင်း ပေကျင်းမောနင်းပို့စ်သတင်းစာက ရေးသားထားသည်။ ဆေးလိပ်မသောက်ရအမိန့်က ယခင်ကတည်းက ရုပ်ရှင်ရုံများ၊ အားကစားရုံများနှင့် အများပြည်သူသုံး အဆောက်အအုံများတွင် ကျင့်သုံးနေပြီဖြစ်သည်။ ထိုကန့်သတ်ချက်သည် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်နှင့်အညီ ကျင့်သုံးထားသော သတ်မှတ်ချက်ပင်ဖြစ်ကြောင်း သိရသည်။ ပေကျင်း အိုလံပစ်ပွဲတော်သည် ဩဂုတ်လတွင် စတင်မည်ဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ။

ဗြိတိန်လေတပ်မှ လေယာဉ်အုပ်စု တစ်စု လန်ဒန်မြို့ဝေဟင်တွင် အုပ်စုဖွဲ့ပျံသန်းနေသည်ကို ဧပြီ ၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂျေရုဆလင်တွင် အစ္စရေးလူနေအိမ်ရာများ ဆက်လက်ထူထောင်မည်ဟုဝန်ကြီးချုပ် အိုလ်မတ် ပြောကြား

ဂျေရုဆလင် ဧပြီ ၁

အရှေ့ ဂျေရုဆလင်နယ်မြေသည် အစ္စရေးပိုင်နက် ဒေသအတွင်း ကျရောက်နေသော နယ်ပယ်ဖြစ်သည်။ သို့ဖြစ်၍ ထိုနယ်မြေနှင့်အစ္စရေးလူနေအိမ်ခြေဝန်းကျင်အရပ်များတွင် အစ္စရေးတို့၏ လူနေအိမ်ရာများ ထူထောင်နေခြင်းကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်ဟု ဝန်ကြီးချုပ် အီဟွတ် အိုလ်မတ်က မတ် ၃၁ ရက်တွင် ပြောကြားသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်သည် မတ် ၂၉ ရက်မှစ၍ အရှေ့အလယ်ပိုင်းဒေသတွင် သုံးရက်ကြာ အလည်အပတ်ခရီး ရောက်လျက်ရှိသည်။ အိုလ်မတ်က အမေရိကန် နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံအပြီး အထက်ပါစကားများကို ပြောကြားခြင်းဖြစ်သည်။ တစ်ချိန်တည်း၌ပင် ယခုနှစ်ကုန်ပိုင်း၌ ပါလက်စတိုင်းတို့နှင့် သဘောတူညီချက်တစ်ရပ်လည်း ပြုလုပ်နိုင်အောင် ကြိုးပမ်းသွားမည်ဟု ၎င်းက ပြောကြားသည်။

အနာပိုလီကွန်ဖရင့်တွင် ရရှိခဲ့သော သဘောတူညီချက်အတိုင်း ငြိမ်းချမ်းရေးမြေပုံကို ဆက်လက် အကောင်အထည်ဖော်သွားရာ၌ အမေရိကန် ဘုရှ်အုပ်ချုပ်ရေးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ကိုလံဘီယာ အစိုးရကို အီကွေဒေါ တရားစွဲဆို

ကွီတို ဧပြီ ၂

ယခုလစောစောပိုင်းက နယ်စပ်ဒေသတစ်လျှောက် ကိုလံဘီယာနိုင်ငံတပ်ဖွဲ့များက စီးနင်းတိုက်ခိုက်မှုကြောင့် သူပုန်ခေါင်းဆောင်တစ်ဦးသေဆုံးခဲ့ပြီး ယင်းနယ်စပ်တစ်လျှောက် ဆေးဝါးသီးနှံများကို မှိုင်းတိုက်ဖျက်ဆီးမှုအပေါ် အပြည်ပြည်ဆိုင်ရာတရားရုံးတွင် ကိုလံဘီယာနိုင်ငံအား တရားစွဲဆိုခဲ့ကြောင်း တနင်္လာနေ့တွင် အီကွေဒေါနိုင်ငံက ပြောကြားသည်။

အီကွေဒေါနိုင်ငံအတွင်းရှိ ကိုလံဘီယာသူပုန်စခန်းတစ်ခုကို မတ် ၁ ရက်က ဗုံးကြဲတိုက်ခိုက်မှုကြောင့် အီကွေဒေါနှင့် ကိုလံဘီယာနိုင်ငံတို့အကြား တင်းမာမှုများ ဖြစ်ပေါ်လာပြီး ကိုလံဘီယာတပ်ဖွဲ့များနှင့်အတူ ယင်းတို့၏နယ်စပ်ဒေသများသို့ အီကွေဒေါနှင့် ဗင်နီဇွဲလားနိုင်ငံ တပ်ဖွဲ့များချထားပြီးနောက် စစ်ဖြစ်ရန် ခြိမ်းခြောက်မှုများ မြင့်တက်လာခဲ့သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ဘင်္ဂလားဒေ့ရှ်၌ ဆန်ဈေးနှုန်းမြင့်တက်မှုထိန်းချုပ်နိုင်ရေး နွေစပါးရိတ်သိမ်းမည့်အချိန်ကိုစောင့်နေရ

ဒါကာ ဧပြီ ၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဆန်ပြတ်လပ်မှုကြောင့် ဈေးနှုန်းများ အဆမတန်ကြီးမြင့်မှုနှင့် အိန္ဒိယနိုင်ငံက တင်ပို့ရောင်းချသည့် ဆန်စပါးဈေး သာမန်ထက်ထူးကဲစွာ မြင့်မားလာမှုတို့ကို ထိန်းချုပ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် ဘင်္ဂလားဒေ့ရှ် အနေဖြင့် နွေစပါးရိတ်သိမ်းမည့် အချိန်ကို စောင့်မျှော်နေကြကြောင်း အစိုးရတာဝန်ရှိ ပုဂ္ဂိုလ်များက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်ပြည်သူ သန်း ၁၄၀ ကျော် မှီခိုအားထားရသည့် အဓိကစားနပ်ရိက္ခာဖြစ်သည့် ဆန်ဈေး အပါအဝင် စားနပ်ရိက္ခာဈေးနှုန်းများသည် လွန်ခဲ့သည့် ခြောက်လအတွင်း ၆၀ ရာခိုင်နှုန်းနီးပါးအထိ မြင့်တက်လာခဲ့သည်ဟု လက်လီကုန်သည်များနှင့် စားသုံးသူများက ပြောကြားကြသည်။

သို့ရာတွင် ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယအစိုးရအကြား အိန္ဒိယက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန် ၅၀၀၀၀၀ ဖြည့်ဆည်းပေးမည်ဟု လွန်ခဲ့သည့်နှစ်ကုန်က သဘောတူညီခဲ့ကြပြီးနောက် ဆန်တစ်တန်လျှင် စောစောပိုင်းက အမေရိကန်ဒေါ်လာ ၆၅၀ သတ်မှတ်ခဲ့ရာမှ သောကြာနေ့တွင် ဒေါ်လာ ၁၀၀၀ အထိ ပြန်လည်သတ်မှတ်ခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ ရိုက်တာ။

ယီမင်နိုင်ငံဆာနားမြို့၏ တောင်ပိုင်း ၁၃၅ မိုင်အကွာရှိ ဒါလာမြို့တွင် ဆူပူအကြမ်းဖက်သူများက တာယာများအား မီးရှို့ထားသည်ကို ဧပြီ ၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘာဆာရာ၌ ရက်သတ္တပတ်ကြာ တိုက်ခိုက်မှု လူ ၂၀၀ ကျော် သေဆုံး

ဘဂ္ဂဒက် ဧပြီ ၁

အီရတ်နိုင်ငံ ရေနံဆိပ်ကမ်းမြို့ဖြစ်သည့် ဘာဆာရာမြို့တောင်ပိုင်းတွင် အီရတ်လုံခြုံရေးတပ်ဖွဲ့နှင့် လက်နက်ကိုင်များအကြား ရက်သတ္တပတ်ကြာတိုက်ခိုက်မှု ဖြစ်ပွားမှုကြောင့် လူပေါင်း ၂၀၀ ကျော် သေဆုံးရကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဘာဆာရာမြို့တစ်ဝန်း စစ်ဆင်ရေးစတင်ကတည်းက ယခုချိန်ထိတိုင်အောင် လူ ၂၁၀ သေဆုံးပြီး ၆၀၀ ဒဏ်ရာရရှိကာ ၁၅၅ ဦး ဖမ်းဆီးရမိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အီရတ်အစိုးရက ၎င်းတို့သည် မြို့ကြီးများတွင် နေထိုင်သည့် ဥပဒေပြင်ပမှ သောင်းကျန်းသူများ ဖြစ်ကြောင်း၊ နိုင်ငံရေး ပါတီဝင်များ မဟုတ်ကြောင်း ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ဩစတြေးလျနိုင်ငံ မြောက်ပိုင်းနယ်မြေ အနုပညာပြတိုက်မှ အခိုးခံရသော အာဘော်ရီဂျီယန် ပန်းချီကား ခုနစ်ချပ်အနက် တစ်ခုကို ဧပြီ ၁ ရက်က ဒါဝင်မြို့အနီး၌ ပြန်တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



အမေရိကန်ခရီးသွားယာဉ်တိမ်းမှောက် ကိုရီးယား ၁၉ ဦးဒဏ်ရာရရှိ

ဝါရှင်တန် ဧပြီ ၁

အမေရိကန်နိုင်ငံ ဗားမောင့်ပြည်နယ်ရှိ အဝေးပြေးလမ်းတွင် ကမ္ဘာလှည့်ခရီးသည်တင်ယာဉ် တစ်စီးတိမ်းမှောက်မှုဖြစ်ပွားရာ ကိုရီးယားခရီးသည် ၁၉ဦးထက်မနည်း ဒဏ်ရာရရှိကြောင်း ပြည်တွင်းရဲတပ်ဖွဲ့နှင့် မီဒီယာများက ပြောကြားသည်။

ဒေသစံတော်ချိန် နံနက် ၁၀ နာရီခန့်က မာရီလန်မြို့မှ ဒရင်းတိုးစဘတ်စ်ကားသည် ယာဉ်ပေါ်တွင် ယာဉ်မောင်းအပါအဝင် လူ ၂၇ ဦးနှင့်အတူ ဘော့စတွန်မြို့သို့ ခရီးထွက်လာစဉ် နှင်းများထူထပ်စွာ ကျဆင်းမှုကြောင့် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ပန်းချီပြခန်းမှ အခိုးခံရသည့် ပန်းချီကားများ ဩစတြေးလျနိုင်ငံ ဒါဝင်မြို့အနီး၌ ပြန်တွေ့

ကင်ဘာရာ ဧပြီ ၂

အာဘိုရီဂျီယန် တိုင်းရင်းသားများရေးဆွဲသည့် သမိုင်းဝင်ပန်းချီကား ခုနစ်ကားသည် ဩစတြေးလျနိုင်ငံမြောက်ပိုင်းနယ်မြေရှိ အနုပညာပြခန်းမှ အခိုးခံခဲ့ရပြီး နာရီပိုင်းအတွင်း ဩစတြေးလျနိုင်ငံမြောက်ပိုင်းရှိ ဒါဝင်မြို့တစ်နေရာမှ ပြန်တွေ့ခဲ့ကြောင်း ရဲတပ်ဖွဲ့က အင်္ဂါနေ့တွင် ပြောကြားသည်။ အဆိုပါပန်းချီကားခုနစ်ကားတွင် ပါပွန်ရာကျူလာ သို့တည်းမဟုတ် ဩစတြေးလျအလယ်ပိုင်းအနောက်သဲကန္တာရ အနုပညာလှုပ်ရှားမှုခေတ်က လက်ရာများ ပါဝင်ကြသည်။ ယင်းလက်ရာများသည် ၁၉၇၀ပြည့်နှစ်က ဒေသခံတိုင်းရင်းအနုပညာလှုပ်ရှားမှုအဖြစ် ရေပန်းစားခဲ့သည်။ အဆိုပါပန်းချီကားများကို ဒါဝင်မြို့ရှိ လူမှုရေးကလပ်အဆောက်အအုံအနီးမှ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းပန်းချီကားခိုးယူမှုဖြင့် စစ်ဆေးမေးမြန်းရန် လူတစ်ဦးအား ဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပါပွန်ရာကျူလာပန်းချီကားများသည် ဩစတြေးလျနိုင်ငံတွင် ၁၉၇၇ခုနှစ်က နာမည်ကြီးရေပန်းစားခဲ့ပြီး ကလစ်ဖို့ပေါ့ဆန်က ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ယင်းပန်းချီကားကို ၂၀၀၇ခုနှစ်အတွင်း ဩစတြေးလျဒေါ်လာ ၂ ဒသမ ၄ သန်း (အမေရိကန်ဒေါ်လာ ၂ ဒသမ ၂သန်း)ဖြင့် ရောင်းချခဲ့သည်။***အမ်အင်အေ၊ ရိုက်တာ။***

အိုဘားမားနှင့် ကလင်တန် ဝေဖန်မှုလေသံပြောင်း ဂျွန်မက်ကိန်းကို ထိုးနှက်ရန် ပြင်ဆင်ဦးလှည့်လာ

ဝီလ်ကီဘီရီ(ပင်ဆယ်ဗေးနီးယား) ဧပြီ ၂

အမေရိကန်နိုင်ငံ၏ အကြိုအခြေခံအဆင့် သမ္မတလောင်းရွေးပွဲတွင် ယှဉ်ပြိုင်ဘက် ဘာရက်အိုဘားမားနှင့် ဟီလာရီကလင်တန်တို့သည် လအတန်ကြာအောင် တစ်ဦးနှင့်တစ်ဦး ဝေဖန်ပုတ်ခတ်နေရာမှ ယခုအခါ လေသံပြောင်းစပြုလာပြီဖြစ်သည်။

သမ္မတလောင်းယှဉ်ပြိုင်သူနှစ်ဦးသည် ဧပြီ ၂၂ရက်တွင် ပင်ဆယ်ဗေးနီးယားပြည်နယ်၌ အခြေခံအဆင့် ရွေးချယ်ပွဲယှဉ်ပြိုင်ရန်ရှိ၍မဲဆွယ်မှုများပြုလုပ်နေကြပြီဖြစ်သည်။အိုဘားမားသည်မဲဆွယ်ရာ၌ ကလင်တန်အား ထောက်ခံသူများကို ဆွဲဆောင်နိုင်ရန် စကားအသုံးအနှုန်းများပြောင်းကာ ပြောဆိုမှုများပြုလုပ်လာသည်။

ထည့်သွင်းပြောကြား

ကလင်တန်အားထောက်ခံသူများသည် လိုက်လိုက်လှဲလှဲအားပေးကြသူများဖြစ်သည့်နည်းတူ မိမိကို အားပေးသူများမှာလည်း စိတ်အားထက်သန်စွာ ကိုယ်ရောစိတ်ပါ အားပေးသူများဖြစ်သည်ဟု အိုဘားမားက ဧပြီ ၂ရက်က ပြုလုပ်သော လူထုတရားပွဲ၌ ထည့်သွင်းပြောကြားသွားသည်။

အိုဘားမားနှင့် ကလင်တန်တို့သည် မဲဆွယ်ရာ၌ တစ်ခါတစ်ရံပြင်းထန်စွာ အပြန်အလှန်ဝေဖန်မှုများ ပြုလုပ်ကြသည်။ ထိုအခါ စာနယ်ဇင်းသမားများက ယင်းအကြောင်းအချက်များကို အမိအရ ဖော်ပြလေ့ရှိကြသည်။ အိုဘားမား၏ မဟာဗျူဟာမြောက် မဲဆွယ်စည်းရုံးရေးရုံးအဖွဲ့မှ အကြံပေးပုဂ္ဂိုလ်တစ်ဦးသည် ကလင်တန်အားမကောင်းဆိုးဝါးအဖြစ် သုံးနှုန်းခဲ့သည့်အတွက် ရုံးအဖွဲ့မှ ထွက်ပေးခဲ့ရသည်။

မူလက ကလင်တန်ကို ထောက်ခံနေရာမှ ဘက်ပြောင်းကာ အိုဘားမားကို ထောက်ခံသွားသော နယူးမက္ကဆီကို အုပ်ချုပ်ရေးမှူး ဘီလ်ရစ်ချတ်ဆင်ကိုလည်း ကလင်တန်ရုံးအဖွဲ့က သစ္စာဖောက်အဖြစ် ကင်ပွန်းတပ်ခဲ့ကြသည်။

၎င်းယှဉ်ပြိုင်ဘက်နှစ်ဦးသည်တစ်ဖက်နှင့် တစ်ဖက် ပုတ်ခတ်နေရာမှ လွန်ခဲ့သည့် ရက်အနည်းငယ်မှစ၍ ဝေဖန်ပုတ်ခတ်သည့် စကားလုံးများကို ဆင်ခြင်သုံးနှုန်းလာကြပြီး ရီပတ်ဘလီကန်ပါတီမှ သမ္မတလောင်း ဆီနိတ်တာ ဂျွန်မက်ကိန်းကို ထိုးနှက်ရန် ပြင်ဆင်ဦးလှည့် လာကြသည်ကို တွေ့ရသည်ဟုဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***



အမေရိကန်နိုင်ငံတွင် အကြိုအခြေခံအဆင့်၌ သမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်သည့် ဒီမိုကရက်တစ်ပါတီမှ ဆီနိတ်တာ ဟီလာရီကလင်တန်နှင့် ဆီနိတ်တာ ဘာရက်အိုဘားမား။ *(ဓာတ်ပုံ-အင်တာနက်)*

လက်နက်ထိန်းချုပ်ရေးစာချုပ်နှင့် ပတ်သက်၍ ရုရှားနှင့်အမေရိကန်သဘောထားကွဲလွဲ

မော်စကို ဧပြီ ၂

မဟာဗျူဟာမြောက် လက်နက်များထိန်းချုပ်ရေးစာချုပ်ရေးနှင့်ပတ်သက်၍ ရုရှားနိုင်ငံက အမေရိကန်ပြည်ထောင်စုနှင့် သဘောထား ကွဲလွဲလျက်ရှိပြီး နှစ်ဦးနှစ်ဖက်စလုံးက ၂၀၀၉ခုနှစ်တွင် စာချုပ်သစ်ရေးဆွဲရန် မျှော်လင့်နေကြကြောင်း သိရှိရသည်။

မဟာဗျူဟာမြောက် တိုက်ခိုက်ရေးလက်နက်များ လျှော့ချရေး (ဆော့)မော်စကိုစာချုပ်ပြည့်စုံရေးနှင့် စာချုပ်ချုပ်ဆိုရေးအတွက် မိမိတို့အနေဖြင့် ဆက်လက် ဖော်ဆောင်ရန်လိုအပ်သည်ဟု အမေရိကန်က ပြောကြားသည်။ ရုရှားက အမေရိကန်၏သဘောထားနှင့် ကွဲလွဲပြီး မဟာဗျူဟာမြောက် လက်နက်များလျှော့ချရေး စာချုပ်(စတတ်-ဝမ်း)ကိုအခြေခံပြီးမဟာဗျူဟာမြောက် တိုက်ခိုက်ရေးလက်နက်များ ထိန်းချုပ်ရေးအစီအစဉ်ကို ဆောင်ရွက်သွားရန် တိုက်တွန်းထားသည်။

မည်သို့ဖြစ်စေကာမူ ရုရှားနှင့် အမေရိကန်တို့သည် ၂၀၀၉ ခုနှစ် နှစ်ကုန်တွင် စာချုပ်သစ်ရေးဆွဲရန် သဘောတူညီထားကြသည်ဟု အဆင့်မြင့် အရာရှိတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဒေါ်လာ ၁၃သန်းတန် စိန်တစ်ပွင့်

တရုတ်နိုင်ငံ ဟောင်ကောင်၌ ကျင်းပမည့် ကျောက်မျက်ရတနာပြပွဲတွင် ပြသရောင်းချမည့် အမေရိကန်ဒေါ်လာ ၁၃သန်းတန် အလေးချိန် ၇၂ဒသမ၂၂ ကာရက်ရှိ စိန်တစ်ပွင့်ကို မတ် ၃၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံအတွင်း ဝင်ရောက်စစ်ဆင်ခဲ့သည့် တူရကီရဟတ်ယာဉ်နှင့် အထူးတပ်ဖွဲ့ဝင်အချို့ကို ဧပြီ ၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဟားမတ်စ်တို့ဖမ်းထားသော အစ္စရေးတပ်ဖွဲ့ဝင် အသက်ရှင်ဆဲရှိသေးဟု ဟားမတ်စ်အကြီးအကဲ ပြောကြား

လန်ဒန် ဧပြီ ၁

ပြည်ပရောက် ဟားမတ်စ်ခေါင်းဆောင် ခါလက်မာရှာ၏ မတ်၃၁ရက် ပြောကြားချက်အရ ဂါဇာကမ်းမြောင်ဒေသတွင် အဖမ်းခံထားရသော အစ္စရေးတပ်ဖွဲ့ဝင်သည် ယခုတိုင် အသက်ရှင်လျက်ရှိသေးကြောင်း သိရသည်။

ဗြိတိန်၏ စကိုင်းသတင်းရုပ်သံဌာနနှင့် ဆီးရီးယားနိုင်ငံ၌ ရောက်နေသော မာရှာတို့ တွေ့ဆုံမေးမြန်းခန်း ပြုလုပ်ရာတွင် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ အဖမ်းခံရသူ အစ္စရေးတပ်ဖွဲ့ဝင်မှာ ဂီလတ် သို့မဟုတ် ရှီလတ်ဆိုသူဖြစ်ပြီး ၎င်းကိုကောင်းမွန်စွာပြုစုစောင့်ရှောက်ထားသည်ဟု ဆိုသည်။

အစ္စရေးတို့က ပါလက်စတိုင်း အရပ်သားများကို တိုက်ခိုက်မှုရပ်စဲမည်ဆိုလျှင် ဟားမတ်စ်တို့ကလည်းအစ္စရေးအရပ်ဘက်ပစ်မှတ်များကို တိုက်ခိုက်နေမှုအားရပ်စဲရန် အသင့်ရှိသည်ဟု မာရှာက ပြောကြားသည်။

ဟားမတ်စ်တို့သည် အကျဉ်းသားရှီလတ်ကို ကောင်းမွန်စွာ စောင့်ရှောက်ထားသော်လည်း အစ္စရေးတို့သည် ပါလက်စတိုင်း အကျဉ်းသားများကို ဆိုးရွားစွာဆက်ဆံသည်ဟု ဆိုသည်။

ပါလက်စတိုင်း လက်နက်ကိုင်များ နယ်စပ်ကို ဖြတ်ကျော်၍ အစ္စရေးစစ်ဘက်စခန်းကို စီးနင်းစဉ် ၎င်းအားဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ၂၀၀၆ ခုနှစ် အဖမ်းခံရစဉ်က ရှီလတ်၏ အသက်မှာ ၁၉နှစ်သာရှိသေးသည်။

အစ္စရေးတို့က ဖမ်းဆီးထားသော ပါလက်စတိုင်း အကျဉ်းသား ၁၄၀၀ နီးပါးကိုလွှတ်ပေးမှသာလျှင်ဟားမတ်စ်တို့ကလည်းရှီလတ်ကိုလွှတ်ပေးမည်ဟု ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

နော်ဝေရေသတ္တဝါပြတိုက်မှ မိကျောင်းခိုးသူ မိကျောင်းကိုက်ခံရ

အော့စလို ဧပြီ ၂

နော်ဝေနိုင်ငံမှ ရေသတ္တဝါများ ပြသထားရာ ပြတိုက်တွင်းမှ မိကျောင်းတစ်ကောင်ကို မတ် ၂၉ ရက်က ခိုးယူသွားသူတစ်ဦးမှာ မိကျောင်းကိုက်၍ လက်နှစ်ချောင်း ပြတ်သွားကြောင်း ပြတိုက်အကြီးအကဲက ပြောကြားသည်။

မိကျောင်းခိုးသူသည် အိတ်ထဲသို့ထည့်၍ ခိုးသွားခဲ့ခြင်းဖြစ်ကြောင်း ဘာဂျန်ရေသတ္တဝါများ ပြတိုက်မှ ညွှန်ကြားရေးမှူး ကီးစ်အော်စကာ အီကီလီက ပြောကြားသည်။ အခိုးခံရသော မိကျောင်းမှာ ၂ ဒသမ ၃ ပေ ရှည်လျားကြောင်း သိရသည်။

အဆိုပါ မိကျောင်းမျိုးကို ပူနွေးသော တောင်အမေရိက ဒေသများတွင် တွေ့နိုင်ပြီး ကမ္ဘာပေါ်တွင် အသေးငယ်ဆုံးသော မိကျောင်းမျိုးဖြစ်သည်ဟု သိရသည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတကာ သတင်းများ

ဂျော်ဂျီယာနှင့် ယူကရိန်း နေတိုးအဖွဲ့ဝင်ဖြစ်ရေး ကြိုးပမ်းမှု ပြင်သစ်ကထောက်ခံမည်မဟုတ်ဟု ပြောကြား

ပါရီ ဧပြီ ၂

ပြင်သစ်နိုင်ငံက ဂျော်ဂျီယာနှင့် ယူကရိန်းနိုင်ငံတို့ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) အဖွဲ့ဝင်နိုင်ငံဖြစ်လာရန် ကြိုးပမ်းသည့် လုပ်ရပ်အပေါ် ထောက်ခံမည် မဟုတ်ကြောင်း ပြောကြားရာ အမေရိကန်၏သဘောထားနှင့် ကွဲလွဲလျက်ရှိကြောင်း ပြင်သစ်ဝန်ကြီးချုပ် ဖရန်ဆွာဖီလွန်က အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

ယူကရိန်းနှင့် ဂျော်ဂျီယာတို့ နေတိုးဝင်ရောက်ရန်ကိစ္စကို ခွင့်ပြုမည်မဟုတ်ကြောင်း ဖီလွန်က ပြင်သစ်ရေဒီယိုသို့ ပြောကြားသည်။

ယင်းပြဿနာနှင့် ပတ်သက်၍ ပြင်သစ်သဘောထားသည် အမေရိကန်၏ သဘောထားနှင့် ကွဲလွဲမှုရှိမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

နေတိုးခေါင်းဆောင်များက ရိုမေးနီးယားနိုင်ငံတွင် ရက်သတ္တပတ်ကုန်၌ ထိပ်သီး အစည်းအဝေး ကျင်းပမည်ဖြစ်ပြီး ဂျော်ဂျီယာနှင့် ယူကရိန်းတို့က အဖွဲ့ဝင်ဖြစ်ရေး မျှော်လင့်နေကြသည်။

အမေရိကန်သမ္မတဂျော့(ဂျ်)ဘုရှ်က ယင်းအစည်းအဝေးမကျင်းပမီယူကရိန်းသို့ တနင်္လာနေ့က ရောက်ရှိလာသည်။ ဘုရှ်နှင့် လိုက်ပါလာသည့် ပုဂ္ဂိုလ်များက အဆိုပါနှစ်နိုင်ငံ၏ တိုးချဲ့ရေး အစီအစဉ်ကို နေတိုးအစည်းအဝေးတွင် တင်ပြဆွေးနွေးကြမည်ဟု ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် အသင့်လျော်ဆုံး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)

မြန်မာတို့သည် မြန်မာ့ကောင်းကျိုးကို လွတ်လပ်၊ ညီညွတ်စွာ လက်တွဲဖော်ဆောင်နိုင်လျက်ရှိသည်။ နယ်ချဲ့ကျူးကျော်စိုးမိုးမှုခံရသည့် ကျွန်သပေါက်ဘဝနှစ်ပေါင်းတစ်ရာကျော်ကာလ၏ အနိဋ္ဌာရုံများနှင့် ယနေ့ ပစ္စက္ခကာလငြိမ်းချမ်း၊ ဖွံ့ဖြိုးနေသည့် ဣဋ္ဌာရုံများကို နှိုင်းယှဉ်ကြည့်မိလျှင် အချုပ်အခြာ အာဏာပိုင်စိုးရသော လွတ်လပ်သည့်အရသာ ကို ပိုမိုသဘောပေါက်နိုင်ကြပေသည်။

နိုင်ငံသားများမှ ဆင်းသက်၍ နိုင်ငံတစ်ဝန်း ပျံ့နှံ့တည်ရှိသော အချုပ်အခြာအာဏာ၏ မူလပိုင်ရှင်မှာ နိုင်ငံသားပြည်သူတိုင်းရင်းသားစုံ သွေးချင်းသားချင်းများသာ ဖြစ်လေသည်။ လူဦးရေတိုးပွားလာသော မျက်မှောက်ခေတ်တွင် ပြည်သူ့အရေးကို ပြည်သူကိုယ်တိုင် မိမိတို့ ဆန္ဒအတိုင်း အစဉ်အမြဲ စုဝေးဆွေးနွေးဆုံးဖြတ်ဆောင်ရွက်နိုင်ခြင်း မဖြစ်တော့၍ ပြည်သူ့ကိုယ်စား ပြည်သူ့ကောင်းကျိုးကို ပြည်သူ့ဆန္ဒနှင့်ကိုက်ညီစွာ စီမံ၊ ဆောင်ရွက်၊ အကောင်အထည်ဖော်ပေးမည့် ပြည်သူ့ကိုယ်စားလှယ်များ ရွေးချယ်တာဝန်ပေးသော စနစ်ကို ကြံဆအသုံးပြုလာကြရသည်။ ဤသည်ကို ကိုယ်စားပြု ဒီမိုကရေစီဟု သုံးနှုန်းအပ်ပေသည်။

နိုင်ငံသားပြည်သူများ ပိုင်ဆိုင်အပ်သည့် အချုပ်အခြာအာဏာများကို ပြည်သူရွေးသည့်ကိုယ်စားလှယ်များက မည်သို့မည်ပုံပိုင်းခြား၊ ခွဲဝေ၍ တာဝန်ယူဆောင်ရွက်ပေးရန် စည်းကမ်းကာလနားချပေးခြင်းကို နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲခြင်း၊ ပြဋ္ဌာန်းခြင်း၊ ကျင့်သုံးခြင်းဟု ခေါ်ကြပေသည်။ မျက်မှောက်ကာလ ကမ္ဘာ့နိုင်ငံများတွင် မိမိတို့သမိုင်းကြောင်း၊ ဆန္ဒသဘောထား၊ ပကတိအခြေအနေ၊ အနာဂတ် မျှော်မှန်းချက်များဖြင့် နိုင်ငံတည်ဆောက်သည့်ပုံစံကို ရွေးချယ်ကြသည်။ အချုပ်အခြာအာဏာ ကျင့်သုံးသည့် စနစ်များ ရွေးချယ်ကြသည်။ နိုင်ငံသားပြည်သူတို့၏ မူလအခွင့်အရေးများကို စီကာစဉ်ကာရေးသားဖော်ပြကြသည်။ ဤသို့ဖြင့် နိုင်ငံအလိုက်၊ စိတ်ကြိုက်ရေးသားပြဋ္ဌာန်းသည့် နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေများကို တိတိကျကျ လိုက်နာကျင့်သုံးလျက်ရှိကြသည်။

မြန်မာနိုင်ငံသည် ရှည်လျားသည့် သမိုင်းကြောင်းရှိခဲ့သည်။ ပဒေသရာဇ်အလွန် နယ်ချဲ့စိုးမိုးမှုဖယ်ရှားပြီး အချုပ်အခြာအာဏာကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ(၄)ရက်နေ့မှစတင်၍ ပြန်လည်ရယူ ပိုင်ဆိုင်ခဲ့သည်။ လွတ်လပ်ရေးအမီ ၁၉၄၇ ခုနှစ်တွင် နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေကို ပထမဆုံးအကြိမ် ရေးဆွဲပြဋ္ဌာန်းကျင့်သုံးခဲ့သည့် အတွေ့အကြုံ ရှိခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် မြန်မာတို့၏ ဒုတိယမြောက် နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေဟုဆိုရမည့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့ကြပြန်သည်။

ယခုပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) သည် ပထမ၊ ဒုတိယ အခြေခံဥပဒေများမှ ချွတ်ယွင်းချက်၊ ဟာကွက်၊ ပျော့ကွက်များကို ထုတ်နုတ်ဆင်ခြင်ကာ မျက်မှောက်ကာလ ပကတိ အခြေ အနေမှန်များကို အခြေပြုလျက် အနာဂတ်အတွက် အကောင်းဆုံး မျှော်မှန်း ရေးဆွဲထားသော အခြေခံဥပဒေသစ်ဖြစ်ပေသည်။

၃-၉-၂၀၀၇ ရက်နေ့တွင် အောင်မြင်ပြီးစီးခဲ့သော အမျိုးသားညီလာခံမှ ချမှတ်ပေးသည့် အခန်းလိုက်ခေါင်းစဉ် ၁၅ခုအတွက် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများသည် နိုင်ငံ၏တတိယမြောက်နှင့် ခိုင်မာကောင်းမြတ်ဆုံး ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပုဒ်မများ၊ ပုဒ်မခွဲများ ဖြစ်လာရပေသည်။ ၃-၁၂-၂၀၀၇ ရက်နေ့မှ ၁၉-၂-၂၀၀၈ ရက်နေ့အထိ အဖွဲ့ဝင်

တက္ကသိုလ်မြတ်သူ

၅၄ ဦးပါဝင်သော အခြေခံဥပဒေရေးဆွဲရေးကော်မရှင်က အမျိုးသားညီလာခံမူများကိုအခြေခံပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို အောင်မြင်စွာ ရေးဆွဲပြီးစီးခဲ့ကြသည်။ ၂၀၀၈ ခုနှစ် မေလတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းမှ အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သည့် နိုင်ငံသားမဲဆန္ဒရှင်များက ဤ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဆန္ဒမဲပေးပြီး အတည်ပြုကြပေတော့မည်။

အမျိုးသားညီလာခံကျင်းပသည့် ကာလတစ်လျှောက် အခြေခံဥပဒေသစ်တွင် ပါဝင်ရမည့် အခြေခံမူများ၊ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်ပြီးတိုင်း စာနယ်ဇင်းမီဒီယာများတွင် ဖော်ပြခဲ့သည့်အပြင် စာအုပ်စာတမ်းများ ရိုက်နှိပ်ဖြန့်ဖြူးခဲ့သဖြင့် ပြည်သူအများစုကြီး သိရှိထားနှင့်ပြီးဖြစ်သည်။ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ထူးခြားသော ဝိသေသအချို့ကို တင်ပြလိုပါသည်။

အချုပ်အခြာအာဏာရပ်ကြီး၏ ခက်မသုံးဖြာဖြစ်သော (၁) ဥပဒေပြုရေးအာဏာ၊ (၂) အုပ်ချုပ်ရေးအာဏာ၊ (၃) တရားစီရင်ရေးအာဏာရပ်များကို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်လက်ထဲသို့ဝကွက်၍ အပ်လိုက်သော ပါလီမန်ဒီမိုကရေစီစနစ်၏ ပျော့ကွက်များအရ ယင်းအာဏာသုံးရပ်ကို ပုဂ္ဂိုလ်အစုအဖွဲ့သုံးခုလက်သို့ ပိုင်းခြားခွဲဝေအပ်နှင်းသည်။ ရွေးကောက်ပွဲများ၌ လွှတ်တော်ကိုယ်စားလှယ် အရေအတွက်ထက်ဝက်ကျော် အနိုင်ရသော ပါတီတစ်ခု၏ခေါင်းဆောင်သည် ကိုယ်တိုင်အုပ်ချုပ်ရေး အာဏာကိုင်ပြီး အစိုးရအကြီးအကဲနေရာယူ၊ လွှတ်တော်တွင် မိမိပါတီက အမတ်အများစုရှိသဖြင့် ကြိုက်ရာဥပဒေကိုပြု၊ တရားစီရင်ရေးနယ်ပယ်တွင်လည်း မိမိဝန်ကြီးအဖွဲ့မှ တရားရေးဝန်ကြီးမှတစ်ဆင့် ညွှန်ကြားပေး၊ ဖိအားပေး စွက်ဖက်လုပ်နိုင်သော စနစ်သည် ပါလီမန်ဒီမိုကရေစီစနစ်ဖြစ်သည်။ လက်တွေ့၌အာဏာသုံးရပ်စလုံးကို ပုဂ္ဂိုလ်တစ်ဦးတည်းက ကိုင်တွယ်ကျင့်သုံးရာ၌ မနိုင်မနင်းဖြစ်လာတတ်သည်။ အမှားများလာတတ်သည်။ ထို့ကြောင့် ယင်းစနစ်ကျင့်သုံးသော နိုင်ငံများစွာ၌ မကြာခဏ ကသောင်းကနင်းဖြစ်ရသည်။ အစိုးရများ မကြာခဏပြုတ်ကျခဲ့ရသည်။

၂၀၀၈ခုနှစ် အခြေခံဥပဒေတွင်ကား ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်မှ ရွေးချယ်ခံကိုယ်စားလှယ်များကို အပ်နှင်းထားသည်။ အုပ်ချုပ်ရေးအာဏာကို သမ္မတ ရွေးချယ်ရေးအဖွဲ့က ရွေးချယ်တင်မြှောက်သည့် နိုင်ငံတော်သမ္မတကြီးအား အပ်နှင်းထားသည်။ တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်သို့ အပ်နှင်းထားသည်။ ယင်းသို့ အာဏာသုံးရပ်ကို သုံးစုသုံးဖွဲ့ထံ ပိုင်းခြားအပ်နှင်းတာဝန်ခံစေပြီးမှ အောက်သို့ သက်ဆိုင်ရာ အဖွဲ့ခွဲ၊ ပုဂ္ဂိုလ်၊ အဆင့်များသို့ အခြေခံဥပဒေနှင့်အညီ ခွဲဝေအပ်နှင်းသည်။ ယင်းအာဏာသုံးရပ်ကို တာဝန်ယူ၊ တာဝန်ခံပြီး ကျင့်သုံးရမည့် သုံးစုသုံးဖွဲ့အနေဖြင့် ထင်သလို မလုပ်နိုင်ရန် အပြန်အလှန် ထိန်းကျောင်းမှုများလည်း ပါရှိသည်။ ကမ္ဘာပေါ်တွင် တည်ငြိမ်သောအစိုးရစနစ်၊ ခိုင်မာအခွန့်ရှည်သော အခြေခံဥပဒေရှိသော နိုင်ငံအချို့ကို လေ့လာလျှင် အာဏာသုံးရပ်ကို ပုဂ္ဂိုလ်တစ်ဦးတည်း၏ လက်ထဲသို့ ထိုးမအပ်ဘဲ အာဏာသုံးရပ်ကို သုံးစုသုံးဖွဲ့သို့ ပိုင်းခြားအပ်နှင်းထားကြောင်း တွေ့နိုင်သည်။ ယနေ့ အခြေခံဥပဒေသည် အချုပ်အခြာအာဏာသုံးရပ်ကို သုံးစု သုံးဖွဲ့သို့ ပိုင်းခြားခွဲဝေအပ်နှင်းပြီး တာဝန်ယူစေ၊ တာဝန်ခံစေသော ပုံစံဖြစ်၍ တစ်ဦးတည်း အာဏာရှင်မျိုး ပေါ်ထွန်းမလာနိုင်ပေ။

ယနေ့ နိုင်ငံများ၊ အထူးသဖြင့် ပြည်ထောင်စုနိုင်ငံများကို လေ့လာကြည့်လျှင် အင်အားကြီး ပြည်ထောင်စုအချို့က မိမိတို့ပြည်ထောင်စုများကို တည်တံ့ခိုင်မြဲအောင် ထိန်းထားကြသည်။ ခွဲထွက်မှုများကို နှိမ်နင်းကြသည်။ သို့သော် ထိုပြည်ထောင်စုနိုင်ငံများသည် အခြားသော ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ပြည်ထောင်စုများကိုမူ ဖြိုခွဲနေပေသည်။ မြန်မာတို့သည် ပြည်တွင်းပြည်ပ ပယောဂဖြင့် ပြည်ထောင်စု ပြိုကွဲလုနီးနီး အခြေအနေမျိုး တစ်ကြိမ်မက ကြုံခဲ့ရသဖြင့် ၂၀၀၈ ခုနှစ် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် စစ်မှန်သော ပုံစံဖြင့် ဖွဲ့စည်းထားသည့် မြန်မာပြည်ထောင်စုကြီးမှ မည်သည့် အစိတ်အပိုင်းမျှ ခွဲထွက်ခြင်း မရှိစေရဟူသော အခြေခံမူဖြင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးကို အာမခံထားပေသည်။

မြန်မာပြည်ထောင်စုသည် တိုင်းရင်းသားလူမျိုးနွယ်အားလုံး၏ စုပေါင်း ပြည်ထောင်စုကြီး ဖြစ်သည်။ အချို့ကမ္ဘာ့ပြည်ထောင်စုများတွင် ပြည်နယ် ငါးဆယ်ခွဲခြားသတ်မှတ်သော်လည်းလူဖြူလူမျိုးတစ်မျိုးတည်း၏ ပြည်ထောင်စုမျိုးသာဖြစ်သည်။ တိုင်းရင်းသားလူမျိုးများ၏ သီးခြားကိုယ်ပိုင် ပြည်နယ်များ မပါဝင်ပေ။ မြန်မာနိုင်ငံတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့သည် တိုင်းရင်းသားပြည်နယ်များသာဖြစ်သည်။ နိုင်ငံသဘာဝအရ ပြည်နယ်တစ်ခုအတွင်း၊ တိုင်းဒေသကြီးတစ်ခုအတွင်း တိုင်းရင်းသားလူမျိုးနွယ်အများအပြားစုစည်း နေထိုင်ကြသည်။ ရှမ်းပြည်နယ် တစ်ခုတည်းကို ကြည့်ဘိဦး။ ရှမ်း၊ ပအိုဝ်း၊ ဓနု၊ ပလောင်၊ ဝ၊ လားဟူ၊ အခါ၊ လီဆူး၊ ဂုံ၊ ကချင်၊ ဗမာ၊ မျောင်စီး၊ တောင်သူ၊ တောင်ရိုး စသည် ... စသည်ဖြင့် မျိုးနွယ်စုံလှသည်။ တိုင်းဒေသကြီးများတွင်လည်း ဗမာနှင့်အတူ ကရင်၊ မွန်၊ ရှမ်း၊ ရခိုင်၊ ချင်း၊ ကချင် စသည့် တိုင်းရင်းသားစုံ ရောနှောနေထိုင်ကြသည်။

တိုင်းရင်းသားပြည်နယ်တစ်ခုအတွင်း သင့်တင့်သော လူဦးရေရှိသည့် တိုင်းရင်းသားများအား အမျိုးသားညီလာခံကြီးတွင် ညှိနှိုင်းကာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ ဖွဲ့စည်းပေးခဲ့သည်။ (၁) 'ဝ' တိုင်းရင်းသားများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ (၂) ပအိုဝ်းတိုင်းရင်းသားများကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (၃) ပလောင်တိုင်းရင်းသားများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (၄) ဓနုတိုင်းရင်းသားများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (၅)ကိုးကန့် တိုင်းရင်းသားများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (၆) နာဂတိုင်းရင်းသားများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ ဖြစ်ကြသည်။ မြန်မာပြည်ထောင်စုကြီးသည် တိုင်းရင်းသားစုံသွေးချင်းညီနောင်တို့၏ ပြည်ထောင်စုအဖြစ် သရုပ် ပေါ်လွင်လှပေသည်။

ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အာဏာများကို ပြည်ထောင်စုဖွား တိုင်းရင်းသားများ ပါဝင်ကျင့်သုံးနိုင်ရန် ဤအခြေခံဥပဒေက ဖော်ဆောင်ပေးထားသည်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့တွင် မဲဆန္ဒနယ်အလိုက် နေထိုင်ကြသော တိုင်းရင်းသားတို့ အရွေးခံ ပါဝင်ခွင့်ရှိထားသူ လွှတ်တော်နှစ်ရပ်စလုံး အကျုံးဝင်သည့် ပြည်ထောင်စု လွှတ်တော်သည် အမြင့်ဆုံးသော ဥပဒေပြုအာဏာပိုင် ဖြစ်သည်။ ပြည်ထောင်စုလွှတ်တော်တွင် တိုင်းရင်းသားစုံကိုယ်စားလှယ်များပါဝင်ကြမည်။ ဥပဒေပြုကြမည်။ ယခင်က မြန်မာနိုင်ငံတွင်မရှိခဲ့ဖူးသေးသော ပြည်နယ်၊ တိုင်းဒေသကြီးလွှတ်တော်များ ယခု အခြေခံဥပဒေသစ်အရ ဖွဲ့စည်းတည်ဆောက်ကြမည်။ ခွဲဝေအပ်နှင်းထားသော ဥပဒေပြုခွင့် အာဏာများ ကျင့်သုံးကြမည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများသည်ပင် အခြေခံဥပဒေက ခွဲဝေအပ်နှင်းထားသော ဥပဒေပြုခွင့် အာဏာရရှိစေမည်ဖြစ်သည်။

နိုင်ငံတော်သမ္မတသည် အုပ်ချုပ်ရေးအကြီးအကဲ၊ အုပ်ချုပ်ရေးအာဏာပိုင် ဖြစ်သည်။ ဒုတိယသမ္မတများ၊ အစိုးရအဖွဲ့ (ဝန်ကြီးများ)၊ ပြည်နယ်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ဦးစီးအဖွဲ့များ၊ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖

မြန်မာတို့သည် ပြည်တွင်းပြည်ပ ပယောဂဖြင့် ပြည်ထောင်စု ပြိုကွဲလုနီးနီး အခြေအနေမျိုး တစ်ကြိမ်မက ကြုံခဲ့ရသဖြင့် ၂၀၀၈ ခုနှစ် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် စစ်မှန်သောပုံစံဖြင့်ဖွဲ့စည်းထားသည့် မြန်မာပြည်ထောင်စု ကြီးမှ မည်သည့် အစိတ်အပိုင်းမျှ ခွဲထွက်ခြင်း မရှိစေရဟူသော အခြေခံမူဖြင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးကို အာမခံထားပေသည်။

သတင်းဆောင်းပါး - အောင်နိုင်ဦး(ကြေးမုံ)
ဓာတ်ပုံမှတ်တမ်း - သန်းဝင်း(သန်လျင်)

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့၏ကျက်သရေဆောင် မဟာအတုလသဒ္ဓမ္မရံသီ သာသနာ့ဗိမာန်တော်ကြီး



မြန်မာမှု အနုလက်ရာ အပြောက်အမွမ်းများဖြင့်တန်ဆာဆင်ထားသည့်မဟာအတုလသဒ္ဓမ္မရံသီ သာသနာ့ဗိမာန်တော်ကြီးကို ခမ်းနားတင့်တယ်စွာ တွေ့မြင်ရစဉ်။

ရန်ကုန် မေ ၂

သန်လျင်မြို့သည် ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိသည့် သမိုင်းဝင် မြို့တစ်မြို့ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးဆုံးတည်ရှိသော ရှေးမြို့ဟောင်းတစ်မြို့ဖြစ်သည်။ထို့အပြင်မြတ်စွာဘုရားရှင်၏ ဆံတော်ခြောက်ဆူကိန်းဝပ်စံပယ်ရာ ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်၏ ထီးတော်ရိပ်ဝန်းအောက်တွင် လှိုမြောင်ကုန်းမြင့်အဆင့်ဆင့်နှင့် စိမ်းစိုသောသစ်ရိပ်ဝါးရိပ်များဖြင့် သာယာလှပသောမြို့၊ ဗုဒ္ဓမြတ်စွာ သာသနာလည်း ရှေးမင်းအဆက်ဆက်တို့ လက်ထက်ကပင် ထွန်းကားစည်ပင်ခဲ့သောမြို့ဖြစ်သည်။

သို့ရာတွင် သန်လျင်မြို့၏ သမိုင်းကြောင်း တစ်လျှောက်တွင် ရဟန်းရှင်လူ ပြည်သူအများ မျှော်လင့်တောင့်တခဲ့ကြရသော၊ ဖြည့်ဆည်းနိုင်ခြင်းငှာလည်း မစွမ်းသာခဲ့သော ဆန္ဒကွက်လပ်တစ်ခုမှာ မိမိတို့မြို့၏ ဂုဏ်ကျက်သရေနှင့် လိုက်လျောညီထွေရှိမည့် သာသနာ့ဗိမာန်တော်ကြီးတစ်ခု ဖြစ်ပေါ်လာရေးပင်ဖြစ်သည်။ ယခုအခါတွင်မူ သန်လျင်မြို့သူမြို့သားများ၊ ရဟန်းရှင်လူပြည်သူအများတို့ အနှစ်နှစ်အလလ မျှော်လင့်တောင့်တခဲ့ရသော သာသနာ့ဗိမာန်တော်ကြီးမှာအကောင်အထည်ဖော်ပြီးမြောက်ခဲ့ပြီဖြစ်သည်။

သန်လျင်မြို့နယ်၏ သာသနာရေးဆိုင်ရာဖြစ်သည့် စာပြန်ပွဲများ၊ သာသနာ့ဂုဏ်ထူးဆောင် ဆုနှင်းသဘင်များ၊ မြို့နယ်လုံးဆိုင်ရာ တရားပွဲ(ဓမ္မသဘင်)များကို ဆယ့်နှစ်ရာသီပတ်လုံး ခံ့ညားထည်ဝါစွာ ဆင်ယင်ကျင်းပနိုင်မည့် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံလှစွာသော မဟာအတုလသဒ္ဓမ္မရံသီဘွဲ့မည်တွင်သည့် သာသနာ့ဗိမာန်တော်ကြီးကို မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်သည်။

အဆိုပါသာသနာ့ဗိမာန်တော်ကြီးကို ကျိုက်ခေါက်ဘုရားလမ်းမကြီးနှင့် သမဝါယမ ဒီဂရီကောလိပ်လမ်းထောင့်ရှိ မြေအကျယ်အဝန်း သုံးဧကခန့်ပေါ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အလျား ၁၇၅ ပေ၊ အနံပေ ၆၀၊ အမြင့် ၃၄ ပေရှိ သာသနိကအဆောက်အအုံကြီးတစ်ခုဖြစ်သည်။

သာသနာ့ဗိမာန်တော်ကြီးတည်ဆောက်နိုင်ရေးအတွက် ဩဝါဒါစရိယနှင့် နာယကဆရာတော်များ အဖွဲ့ကို ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၁၈ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး တည်ဆောက်ရေးအုပ်ချုပ်မှုကော်မတီကို ၂၀၀၆ခုနှစ် ဇန်နဝါရီ ၈ ရက်တွင်ဖွဲ့စည်းပေးခဲ့ကြောင်း၊ ၂၀၀၆ခုနှစ် မတ် ၅ရက်တွင် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် နာယကဆရာတော်ကြီးများ ဦးဆောင်လျက် မြေသန့်မင်္ဂလာအခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

သာသနာ့ဦးသျှောင် ဆရာတော်၊ သံဃာတော်များ အမှူးပြု၍ သာသနာ့ဗိမာန် တည်ဆောက်ရေး အုပ်ချုပ်မှုကော်မတီဝင်များ၊ အလှူရှင်များက မြေသန့်မင်္ဂလာ၊ ပန္နက်တင်မင်္ဂလာ၊ ရတနာအုတ်မြစ်တော်စီမင်္ဂလာ၊ အမိုးဒိုင်းတင်မင်္ဂလာ၊ အထွတ်တင်မင်္ဂလာ၊ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာ စသည့် လုပ်ငန်းအဆင့်ဆင့်တို့ကို အချိန်အခါအလိုက် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ရဟန်းရှင်လူ ပြည်သူများ၏ ပေါင်းစုအလှူတော်များအဖြစ် ပထမအကြိမ် အလှူငွေပေးအပ်ပွဲတွင် ကျပ် ၇၀၂ ဒသမ ၈ သိန်း၊ ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲတွင် ကျပ် ၁၀၅၉ဒသမ၄၉ သိန်း၊တတိယအကြိမ်အလှူငွေပေးအပ်ပွဲတွင်ကျပ်၇၈၅ဒသမ ၂၄သိန်း၊ စတုတ္ထအကြိမ်အလှူငွေပေးအပ်ပွဲတွင် ကျပ် ၅၀၈ ဒသမ၆၃၆၆သိန်းတို့ကို သဒ္ဓါရှင်လန်းစွာဖြင့် အားပါးတရလှူဒါန်းခဲ့ကြကြောင်း မှတ်တမ်းများအရ သိရသည်။

သာသနာ့ဗိမာန်တော်ကြီးအောင်မြင်ပြီးမြောက်ခဲ့ခြင်းအတွက် ဆရာတော် သံဃာတော်များ၊ ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ်များက ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ စကားများ မိန့်ဆိုပြောကြားခဲ့ကြရာတွင် သန်လျင်မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကုမာရက "သန်လျင်မြို့သည် ခရိုင်မြို့ကြီးဖြစ်သော်လည်း ကြီးမားသော ဘာသာရေးအခမ်းအနားများ ဆောင်ရွက်ခွင့်ကြုံတဲ့အခါ နေရာထိုင်ခင်းအခက်အခဲများစွာနဲ့ ကြိုးပမ်းလုပ်ဆောင်ခဲ့ရပါတယ်။ ယခုအခါမှာ ထည်ဝါခံ့ညားတဲ့ သာသနာ့ဗိမာန်တော်ကြီး အချိန်တိုအတွင်း ပေါ်ပေါက်လာတဲ့အတွက် မြို့နယ်မှာရှိကြတဲ့ ဆရာတော်သံဃာတော်များလည်း အထူးဝမ်းမြောက်တော်မူကြသကဲ့သို့ အနယ်နယ်အရပ်ရပ်မှ ကြွရောက်လာခိုက် တွေ့မြင်သွားကြသော ရဟန်းရှင်လူပြည်သူအပေါင်းတို့လည်း အထူးဝမ်းသာကြတာကို တွေ့ရပါတယ်။ သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးအတွက် အရေးပါတဲ့ ဌာနကြီးတစ်ခုအဖြစ် သာသနာ့သမိုင်းမှတ်တိုင် စိုက်ထူလိုက်ခြင်းလည်း ဖြစ်ပါတယ်" ဟု မိန့်ကြားခဲ့ပါသည်။

တစ်ဖန် သာသနာ့ဗိမာန်တော်ကြီးတည်ဆောက်ရေး အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်စိုး(ငြိမ်း)က "ဩဝါဒါစရိယဆရာတော်ကြီးတွေ၊ နာယကဆရာတော်ကြီးတွေ၊ လူပုဂ္ဂိုလ်နာယကကြီးတွေက ဒီသာသနာ့ဗိမာန်တော်ကြီးကို ရဟန်းရှင်လူများရဲ့အလှူငွေနဲ့ နှစ်နှစ်အတွင်း သတ်မှတ်ချက်များနဲ့အညီ ပြီးမြောက်အောင် တည်ဆောက်ဖို့ တာဝန်ပေးအပ်ခဲ့ပါတယ်။ ကျွန်တော်တို့ သာသနာ့ဗိမာန်တည်ဆောက်ရေး အုပ်ချုပ်မှုကော်မတီအနေနဲ့ ပေးအပ်တဲ့တာဝန်များကို အပြည့်အဝ အချိန်မီအကောင်အထည်ဖော်နိုင်တဲ့အတွက် အတိုင်းမသိ ဝမ်းသာကြည်နူးဂုဏ်ယူပါတယ်"ဟူ၍ သာသနာ့ဗိမာန်တော်ကြီး အချိန်တိုအတွင်းတည်ဆောက် ပြီးစီးမှုအတွက် ဝမ်းမြောက်ဂုဏ်ယူစကား ပြောကြားခဲ့သည်။

"ကျွန်တော်တို့သန်လျင်မြို့ရဲ့သမိုင်းကြောင်းတစ်လျှောက်မှာ ဒီလိုထည်ဝါခံ့ညားတဲ့ သာသနာ့ဗိမာန်တော်ကြီးဖြစ်လာဖို့ သန်လျင်မြို့သူမြို့သား၊ ရဟန်းရှင်လူအားလုံး မျှော်လင့်တောင့်တခဲ့ကြတာပါ၊ အခုလိုသာသနာ့ဗိမာန်တော်ကြီးတစ်ခု ရွှေတောင်ကြီးပေါက်သလို ပေါ်ပေါက်လာတဲ့အခါ မြို့ရဲ့ဂုဏ်ကျက်သရေဟာလည်း အတိုင်းမသိမြင့်မားလာတယ်လို့ ခံစားရပါတယ်"ဟု သန်လျင်မြို့သား ဦးမြင့်ဝင်း(တက်လူမော်)ကလည်း ပြောကြားသည်။

မဟာအတုလသဒ္ဓမ္မရံသီသာသနာ့ဗိမာန်တော်ကြီးကို မကြာမီဖွင့်လှစ်တော့မည်ဖြစ်ရာ မေ ၅ ရက် (စနေနေ့) နံနက်ပိုင်းတွင် အနေကဇာတင်အခမ်းအနား၊ မေ ၆ ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ကမ္ပည်းကျောက်စာတိုင်ဖွင့်ပွဲနှင့် ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနား၊ စတုဒိသာအလှူနှင့် နိဗ္ဗာန်ဈေးပွဲတော်၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ထူးထူးခြားခြား၊ ခမ်းခမ်းနားနား စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ကျပ်သိန်းပေါင်း ၄၀၀၀ ကျော်ကုန်ကျသည့် သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေးတွင်အဘက်ဘက်မှကုသိုလ်ပါဝင်ထားကြကုန်သော ရဟန်းရှင်လူ ပြည်သူအများ ကြွရောက် ကြည်ညိုသဒ္ဓါတရားပွားများနိုင်ရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်း လိုက်ရပါကြောင်း-

သီဟဒီပ အမည်ရသည့်
သာစွဌာနေ သန်လျင်မြေဝယ်
များဝေနေယျာ စေတနာနှင့်
သဒ္ဓါပေါင်းစု မြတ်ကောင်းမှုကြောင့်
တောင့်တရှည်ကြာ ငံ့လင့်ပါသော
သာသနာ့ဗိမာန် မိုးယံလွှင့်လွှင့်
တင့်တင့်တည်တည် ခံ့ခံ့ထည်ဝါ
သာသနာနှင့် မြို့ရွာကျက်သရေ
ဖြိုးဝေထွန်းတောက် အံ့ချီးလောက်စွာ
မကြာပေါ်ထွန်းလာတော့မည်။ ။

သာသနာ့ဗိမာန်တော်ကြီး၏ အပေါ်ထပ် ခန်းမကျယ်ကြီးကို တွေ့ရစဉ်။

❖ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးတာဝန် အပ်နှင်းထားသူများထံ အဆင့်ဆင့်သော အုပ်ချုပ်ရေးအာဏာများ ခွဲဝေပေးထားမည်ဖြစ်သည်။

အမျိုးအနွယ်အားဖြင့် တစ်ရာကျော်ရှိသော တိုင်းရင်းသားလူမျိုးများသည် ပြည်ထောင်စုလွှတ်တော်၊ ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသတို့တွင် ပါဝင်အရွေးခံကာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးအာဏာများ ကိုယ်တိုင်ကျင့်သုံးနိုင်ကြမည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရရှိလောက်အောင် မြို့နယ်အနည်းဆုံးနှစ်ခု၊ လူဦးရေထက်ဝက်ကျော် မရှိသော တိုင်းရင်းသားမျိုးနွယ်စုအချို့သည် အကယ်၍ ယင်းလူမျိုးနွယ်၏ အရေအတွက်က နိုင်ငံတော်ရှိ လူဦးရေစုစုပေါင်း၏ သုညဒသမ တစ်ရာခိုင်နှုန်းနှင့်အထက်ရှိလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော်သို့ကိုယ်စားလှယ်တစ်ဦးရွေးကောက်စေလွှတ်ခွင့်ရမည်ဖြစ်သည်။

ဤနိုင်ငံတွင် အသားအရောင် ခွဲခြားမှုမရှိ၊ နိုင်ငံသားတိုင်း ဥပဒေအရာတွင် တန်းတူကြသည်။နိုင်ငံသားများ၏ မူလအခွင့်အရေးများကို တန်းတူရရှိခံစားနိုင်ကြသည်။ ၁၉၄၇ခုနှစ် အခြေခံဥပဒေတွင် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ပုဒ်မ ၂၃ ခု ပါရှိသည်။ ၁၉၇၄ ခုနှစ် အခြေခံဥပဒေ၌ ပုဒ်မ ၂၆ ခုပါရှိသည်။ ဤ ၂၀၀၈ခုနှစ် အခြေခံဥပဒေတွင် နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်ဆိုင်ရာ ပုဒ်မ ၅၀ ပါဝင်သည်။ နိုင်ငံသားတို့ လွတ်လပ်စွာ တွေးကြံ၊ ကိုးကွယ်၊ အသက်မွေးနိုင်ကြသည်။ အသားအရောင် လူမျိုးမခွဲခြားသော တရားစီရင်ရေးမှုများနှင့်အညီ ခုခံချေပခွင့်၊ အယူခံခွင့်များရရှိသည်။

မိမိတို့ကိုယ်စား အချုပ်အခြာအာဏာရပ်များကို ကျင့်သုံးရန် မိမိတို့က ရွေးချယ်တင်မြှောက်လိုက်သော ဥပဒေပြုရေး(အမတ်များ)၊ အုပ်ချုပ်ရေး(သမ္မတနှင့် အစိုးရအဖွဲ့များ)၊ တရားစီရင်ရေး(တရားသူကြီးချုပ်မှအစ တရားသူကြီးများ)၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်စသည်များက (က) နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ (ဂ)အကျင့်သိက္ခာပျက်ပြားခြင်း၊ (ဃ) မိမိတို့၏ ရာထူးတာဝန်နှင့် စပ်လျဉ်းသည့် အရည်အချင်းပျက်ယွင်းခြင်း၊ (င) ဥပဒေအရပေးအပ်သော တာဝန်များကို ကျေပွန်စွာ မဆောင်ရွက်ခြင်းတို့ကြောင့် မကျေနပ်၊ မလိုလားလျှင် ဥပဒေစည်းကမ်းအတိုင်း စွပ်စွဲပြစ်တင် ဖယ်ရှားနိုင်သည်။ သမ္မတကြီးမှအစ ဒုတိယသမ္မတများ၊ ဝန်ကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ တရားသူကြီးချုပ်မှအစ တရားသူကြီးများ၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ကော်မရှင်ဥက္ကဋ္ဌများ စသည်တို့ကို ဥပဒေနှင့်အညီ စွပ်စွဲပြစ်တင်ဖယ်ရှားနိုင်သည်။ မိမိတို့ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော် ကိုယ်စားလှယ်များကို မဲဆန္ဒရှင်များက ပြန်ခေါ်ခွင့် (Right of Recall) အရ ပြန်လည်ခေါ်ယူဖယ်ရှားနိုင်သည်။

နိုင်ငံတော်တွင် အခြေခံဥပဒေအရ အစိုးရအာဏာစက်အရ ထိန်းမနိုင်သိမ်းမရ ဆူပူသောင်းကျန်းမှု၊ ပြည်ပကျူးကျော်မှု စသည့် အရေးပေါ်အခြေအနေမျိုးကြုံလာလျှင် ဥပဒေနှင့်အညီ တာဝန်အရှိဆုံး သမ္မတကြီးက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အရေးပေါ်တာဝန်ကို အချိန်သတ်မှတ်ပေးအပ်၊ဆောင်ရွက်စေပြီး သမ္မတကြီးဦးဆောင်သော အုပ်ချုပ်ရေးအာဏာပိုင်(အစိုးရ)အဖွဲ့က နိုင်ငံကို ဆက်လက်တာဝန်ယူရမည့် အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များ ပါဝင်သည်။

ဤထူးခြားသော ဝိသေသလက္ခဏာများကို အကဲခတ်ကြည့်ရှုမှုဖြင့်ပင် ဤ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ပြည်ထောင်စုသား မြန်မာများအတွက် အသင့်လျော်ဆုံး အခြေခံဥပဒေဖြစ်ကြောင်း သိရှိနိုင်မည်ဟု ယုံကြည်ခံယူထားကြောင်းပါခင်ဗျား။ ။

တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ ဇလွန်ပြည်တော်ပြန်ဘုရားပွဲတော် ဖွင့်ပွဲတက်ရောက် နွေစပါးစိုက်ပျိုးမှု မတ်ပဲရိတ်သိမ်းမှုနှင့် ဒေသဖွံ့ဖြိုးမှုလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဇွန် ၂

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဇနီး ဒေါ်ဝင်းဝင်းမော်တို့သည် မတ် ၁၅ ရက် နံနက် ၇ နာရီတွင် ဇလွန်မြို့ မာန်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီး၏ တပေါင်းလဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကာ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

မာန်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို တပေါင်းလဆန်း ၉ ရက်မှ တပေါင်းလပြည့်ကျော် ၁ ရက် (မတ် ၁၅ ရက်မှ ၂၂ ရက်)အထိ ကျင်းပခဲ့သည်။

ထို့နောက် တိုင်းမှူးသည် ဇလွန်မြို့ အော်တိုအိတ်ချိန်းရုံးသို့ ရောက်ရှိပြီး စက်ကိရိယာများ တပ်ဆင်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် ဓနုဖြူ-သောင်ကြီးလမ်းအတိုင်း ထွက်ခွာပြီး မိုင်တိုင်အမှတ်(၂/၇)တွင် မြို့နယ် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ လမ်း ပေါက်ဖာထေးခြင်း၊ ခြောက်လက်မထု ကျောက်ကြမ်းအခြေခံလွှာခင်းခြင်း လုပ်ငန်းအား ကြည့်ရှုစစ်ဆေးရာ မြို့နယ် အင်ဂျင်နီယာ ဦးကျော်စိုးနိုင်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းမှူးသည် ဓနုဖြူမြို့နယ် အကျော်ကျေးရွာအုပ်စုတွင် ဒေသတောင်သူများ တတိယသီးနှံ နွေစပါးရွှေမြန်မာမျိုး ထွန်ယက်စိုက်ပျိုးနေမှု၊ ဒုတိယမတ်ပဲရိတ်သိမ်းနေမှုနှင့် စိုက်ပျိုးပြီးစပါးများအား မြေဩဇာ ကြဲပက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးစိုးမြင့်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးတင့်လွင်တို့က ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားသည်။ ဆက်လက်၍ တိုင်းမှူးသည် ဒေသတောင်သူများအား တွေ့ဆုံ၍ သီးနှံစိုက်စွမ်းအား မြှင့်တင်ကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားရေး မှာကြားကာ ကျေးရွာခြံစည်းရိုးကြက်ဆူ ၆၀၀၀၀ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ညောင်တုန်း မြို့နယ် စက္ကော့တောင်ကျေးရွာ အုပ်စု ကွင်းအမှတ်(၁၄၁) ဦးပိုင်အမှတ် ၁၅/၃ တောင်သူဦးသိန်းထွန်း၏ နွေစပါး မော်ဘီဆန်း ငါးဧကတွင် ဒေသတောင်သူများ စုပေါင်းရိတ်သိမ်းခြွေလှေ့မှုနှင့် အထွက်ကောင်းစပါးမျိုး ပြသထားမှုကို ကြည့်ရှုအားပေးသည်။ ညောင်တုန်းမြို့နယ် အနေဖြင့် နွေစပါး၃၆၆၆၃ ဧကလျာထားစိုက်ပျိုးနိုင်ခဲ့ပြီး ယနေ့ထိ ၁၄၈၁၉ ဧက ရိတ်သိမ်းပြီးစီးကာ အထွက်တင်း ၁၄၀၈၃၉၈ တင်း ရရှိသဖြင့် တစ်ဧက ပျမ်းမျှ ၉၄ ဒသမ ၄၇ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်းဝင်းအတွင်း သံဃာ့သုခ သုံးထပ်ကျောင်းဆောင်နှင့် အခြားသောသာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပန်းခြံလမ်းနေ ဦးကျော်ခင်-ဒေါ်ခင်ရီ (မျိုးညွန့်ရတနာ) မိသားစု ဖြူပြာစိုး၊ မူယာစိုး အမြွာညီအစ်မ၏ မွေးနေ့အထိမ်းအမှတ်ကောင်းမှုအလှူအဖြစ် ငွေကျပ် ၂၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဒေါက်တာအရှင်ဝိစိတ္တ(ပဲခူး)နှင့် အရှင်အဂ္ဂိနန္ဒာ(Ph.D) (Thesis)ထံ လှူဒါန်းပြီး တွေ့ရစဉ်။ (ကြေးမုံ)

ရန်ကုန်တိုင်း သာကေတမြို့နယ် (၇) ရပ်ကွက် ဇိနမာန်အောင်စေတီအနီး သုညတဓမ္မမိုးကုတ် ဝိပဿနာရိပ်သာ ကျောင်းတိုက်အတွင်း မဂ္ဂဓမ္မလေးထပ်ကျောင်းဆောင်မတည်အလှူရှင် စမ်းချောင်းမြို့နယ် မြေနီကုန်းလမ်း ရှမ်းကုန်းလမ်းနေ ကိုမောင်မောင်-မယဉ်ယဉ်မြ (အေးမြချို ဆေးရောင်းဝယ်ရေး) မိသားစုက အလှူငွေကျပ် တစ်သိန်းကို သုညတဓမ္မ ဆရာတော် ဦးစန္ဒသေနထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်းနှင့် ရှင်စောပုဘုရားလမ်းထောင့်ရှိ Snowflake ပန်းချီပြခန်း၌ ပြသမည့် "ရေကြည်သစ်" (Fresh Transparent)ပြပွဲ ခွင့်ပြုလက်မှတ်ကို မတ် ၃၁ ရက်က စာကြည့်တိုက်၊ ပြတိုက်နှင့်ပြပွဲများ ကြီးကြပ်မှုကော်မတီမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်က ရေကြည်သစ်ပြပွဲတာဝန်ခံ ဝင်းမြင့်မိုးအား ပေးအပ်စဉ်။ (ကြေးမုံ)

ဓမ္မဝိဟာရီကျောင်းတိုက် တရားစခန်း

ရန်ကုန် ဇွန် ၂

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ပုရွက်ဆိတ်ကုန်းရပ်ကွက် မိုးကုတ် ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲအမှတ်-၄၂၈၊ ဓမ္မဝိဟာရီကျောင်းတိုက်၌ အဖွဲ့ချုပ် ဓမ္မကထိက ဘဒ္ဒန္တပဏ္ဍိတ (ဒွိတိပိဋကဓရ)နှင့် ဘဒ္ဒန္တ ဝိသာရဒ (သာသနဓဇဓမ္မာစရိယ)၊ ဘဒ္ဒန္တ ဇနက(မန္တလေး) ဆရာတော်ကြီးများ ကြီးမှူး၍ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း သစ္စာလေးပါး တရားကို ဟောကြားပြသမည်ဖြစ်ပါ၍ ခုနစ်ရက်တရားစခန်း ဝင်ရောက်အားထုတ် ကြပါရန် နိုးဆော်ထားသည်။ ယောဂီများ ဇွန် ၉ ရက် လာရောက်ရမည်ဖြစ်ပြီး ဇွန် ၁၀ ရက် တရားစခန်း စတင်မည်ဖြစ်သည်။ (က-ပ)

ပဲခူးမြို့ ကံထူးဓမ္မရိပ်သာ တရားစခန်းပွဲ

ရန်ကုန် ဇွန် ၂

ပဲခူးမြို့ ဥသျှာမြို့သစ် ရာဇဓိရာဇ်လမ်း ကံထူးဓမ္မရိပ်သာကျောင်းတိုက်၌ (၁၃၆၉ ခုနှစ် တန်ခူးလဆန်း ၁ ရက်) ဇွန် ၆ ရက် (တနင်္ဂနွေနေ့)မှ ဇွန် ၁၇ ရက်နှစ်ဆန်းတစ်ရက်နေ့အထိ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကျောင်းတိုက်၏ ပဓာနနာယက ဆရာတော် ဦးဝါယမ (မဟာဂန္ထဝါစကပဏ္ဍိတ နိုင်ငံတော် သံဃနာယကအဖွဲ့ဝင်)ဆရာတော်ဦးပညာဒီပ၊ ဆရာတော် ဦးဓမ္မာနန္ဒ၊ ဆရာတော် ဦးဇဝန နယ်လှည့်ဓမ္မကထိက ဆရာတော်များက ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူယောဂီများသည် တန်ခူးလဆန်း ၁ ရက် ဇွန် ၆ ရက် ညနေ ၄ နာရီ အရောက် ကြွရောက်ကြရန်နှင့် ကံထူးဓမ္မရိပ်သာ ဖုန်း-၀၅၂-၂၃၀၁၂ သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။(က-ပ)

သကြ်န်တွင်းသီလရှင်ဒုလ္လဘဝတ်ပွဲ

ရန်ကုန် ဇွန် ၂

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ကျိုက်ဒေးဒလွန်ဘုရားကြီးအနီးရှိ မိုးကုတ် ဝိပဿနာထေရီဓမ္မရိပ်သာကြီးအတွင်း၌ ဇွန် ၁၂ ရက်မှ ၁၆ ရက်အထိ သင်္ကြန်တွင်း ငါးရက် တရားစခန်းပွဲ ကျင်းပမည်ဖြစ်၍ သီလရှင်၊ ဒုလ္လဘဝတ်၍ တရားအားထုတ်လိုသူများနှင့် သီလရှင်မဝတ်နိုင်သော်လည်း ယောဂီအဖြစ် တရားအားထုတ်လိုသူများ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ လူဦးရေ ကန့်သတ်ထားပါသဖြင့် မှော်ဘီမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ စုပေါင်းရုံးမှတ်တိုင်သို့ ကြိုတင်၍ စာရင်းပေးသွင်းကြရန် မေတ္တာရပ်ခံထားသည်။ (က-ပ)

ကျိုက်ဒေးယျုံဆရာတော်တရားပွဲ

ရန်ကုန် ဇွန် ၂

သန်လျင်မြို့မဏ္ဍလာရာမကျောင်းတိုက် ပဓာနနာယကဆရာတော် ကျိုက်ဒေးယျုံ အရှင်ဥတ္တရ ဓမ္မကထိက၊ ဗဟုဇနဟိတရ၊ ဓမ္မစရိယ/ကမ္မဋ္ဌာနာ စရိယသည် ဇွန် ၂ ရက်တွင် သန်လျင်မြို့ ဗိုလ်ချုပ်ရွာ ကျိုက်မောဂ္ဂလိစေတီ ဗုဒ္ဓပူဇနိယပွဲ၊ ဇွန် ၆ရက်တွင် သန်လျင်မြို့ စာတိုက်လမ်း သိက္ခာထပ်၊ ရဟန်းခံပွဲ၊ ဇွန် ၉ ရက်မှ ၁၇ ရက်အထိ ကျိုက်ဒေးယျုံ အထူးတရားစခန်းပွဲ၊ ဇွန် ၁၄ ရက်တွင် သန်လျင်မြို့ အုတ်ဖိုစုရပ်ကွက် ဓမ္မသဘင်ပွဲ၊ ဇွန် ၁၆ ရက်တွင် သန်လျင်မြို့ ဗိုလ်ချုပ်ရွာ ဓမ္မပွဲသဘင်၊ ဇွန် ၂၀ ရက်မှ ၂၈ ရက်အထိ လပွတ္တာမြို့နယ် ပိုးလောင်းကြီး ဗုဒ္ဓပူဇနိယပွဲတော် ရဟန်းခံရှင်ပြုပွဲတော်နှင့် မေ ၁၇ ရက်တွင် သန်လျင်မြို့ ကဆုန်ညောင်ရေသွန်းပွဲတော်တို့၌လည်းကောင်း တရားတော်များ ဟောကြားမည်ဟု သိရသည်။ (က-ပ)

အာစရိယပူဇော်ပွဲ

ရန်ကုန် ဇွန် ၂

လှိုင်သာယာမြို့နယ် အထက(၂)ကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားဆရာ၊ ဆရာမကြီးများအား ပထမအကြိမ် ပူဇော်ကန်တော့ပွဲကို ဇွန် ၆ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် အဆိုပါကျောင်းခန်းမ၌ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ အငြိမ်းစားဆရာ၊ ဆရာမကြီးများနှင့် ရပ်ဝေးရပ်နီးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို လှိုင်သာယာမြို့နယ်၌ ဒေါ်ခင်ဌေး ကျောင်းအုပ် အထက(၂) လှိုင်သာယာ ဖုန်း-၆၄၅၀၇၂၊ ကိုကိုမောင် (ဂုဏ်ထူး ဦးမောင်မောင်) ဖုန်း-၀၉-၅၁၉-၂၇၁၃၊ ကိုသန့်ဇင် SKY ကွန်ပျူတာ (ထ-၂ကျောင်းရှေ့) ဖုန်း-၂၄၇၉၈၂၊ ၇၂၀ ၆၅၈၊ ကိုအောင်မျိုး ပုလဲကွန်ပျူတာ (မီးခွက်ဈေး) ဖုန်း-၆၄၅၁၆၆ တို့သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်၍ ကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့သော ဆရာကြီး၊ ဆရာမကြီးများ ရပ်ဝေးသို့ ရောက်ရှိနေပါက အထက်ပါဖုန်းများသို့ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

မဇ္ဈိမဂုဏ်ရည် ပြေါလဓမ္မခရီးစဉ်နှင့်သကြ်န်အထူးတရားစခန်း

ရန်ကုန် ဇွန် ၂

သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအနီးရှိ မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာနနာယက၊ ဓမ္မကထိက ဗဟုဇန ဟိတဓရ၊ ကမ္မဋ္ဌာနာစရိယ၊ မဟာစည် နယ်လှည့်ဓမ္မကထိက၊ သာသနတက္က သီလဓမ္မာစရိယ၊ B.A, M.A, Ph.D (India) ဒေါက်တာဘဒ္ဒန္တကောဝိဒ အရှင်မြတ်သည် ဇွန် ၃ ရက်တွင် နန့်မွန်းမြို့၊ ၄ ရက်တွင် ဖားကန့်မြို့၊ ၅ ရက်တွင် မြစ်ကြီးနားမြို့၊ ၆ ရက် ညနေတွင် လှိုင်မြို့နယ် ၈ လမ်း၊ ည ၈နာရီခွဲတွင် ပုဇွန်တောင်မြို့နယ် တပ်မြေဓမ္မသဘင်၊ ၇ ရက်တွင် ကျောက်မြောင်း-ဗျိုင်းရွာမအေးဓမ္မာရုံ၊ ၈၊ ၉ ရက်များတွင် မင်းလှမြို့ အထူးတရားပွဲ၊ ၁၀ရက်တွင် သန်လျင်မြို့ ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်းစု (၆၈) သုံးနှစ်ပြည့် အထူးပွဲ၊ ၁၄ရက် မွန်းလွဲ ၂နာရီတွင် စံရာအောင်မြေရိပ်သာ ကမ္ဘာအေး၊ ၁၇ ရက်တွင် ဒေါပုံ သာသနာ့အလင်းရောင်ကျောင်းတိုက်၊ ၁၈ ရက်တွင် ပြည်မြို့၊ ၁၉ ရက်တွင် ပြလို့စံပြကျေးရွာ၊ ၂၀၊ ၂၁ ရက်များတွင် ပေါက်ခေါင်းပုဗ္ဗာရုံ ကျောင်းဓမ္မသဘင်၊ ၂၂ ရက်တွင် အင်းမမြို့၊ ၂၃ ရက်တွင် နတ်တလင်းမြို့၊ ၂၅ ရက်တွင် ကျိုက်ထီးရိုးရင်ပြင်၊ ၂၆ ရက် တွင် ပုဇွန်တောင်မြို့နယ် တောင်လုံးပြန် ရပ်ကွက်၊ ၂၇ ရက်တွင် ပန်းတနော်မြို့ မြတောင်စာသင်တိုက်ဓမ္မသဘင်၊ ၂၈ ရက်တွင် (၁၆)လမ်းဓမ္မသဘင်၊ အထူးတရားပွဲများ၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။

မဇ္ဈိမဂုဏ်ရည်မဟာစည်သာသနာ့ရိပ်သာ သင်္ကြန်အထူးတရားစခန်းပွဲကို ဇွန် ၁၂ ရက်မှ ၁၇ ရက်အထိ ပဓာနနာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တကောဝိဒ ကြီးမှူး၍ တရားပြသ ဟောကြားမည်ဖြစ်ရာ ယောဂီများသည် ဇွန် ၁၁ ရက် ညနေ ၅ နာရီတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူလိုအပ်သည်များ ယူဆောင်၍ အရောက်လာရမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ခရီးသွားနှင့် ကုန်စည်ပို့ဆောင်မှုလုံခြုံရေး ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇွန် ၂

ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစေရေး၊ ကုန်စည်စီးဆင်းမှု လုံခြုံချောမွေ့စေရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ စစ်ကိုင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးကျော်အောင်၊ပို့ဆောင် ရေးစီမံကိန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြသန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးသန်းဝင်းတို့ ဦးဆောင်၍ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးအဖွဲ့တို့ ပူးပေါင်းပါဝင်သောအဖွဲ့သည် စစ်ကိုင်း-မန္တလေးလမ်း စစ်ကိုင်းဂိတ်၌ မတ် ၂၈ ရက်တွင် ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များကို စစ်ဆေးသည်။ **(အောက်ပုံ)** ယင်းသို့ပူးပေါင်းအဖွဲ့ဖြင့် ပြေးဆွဲနေသည့်ယာဉ်များ အန္တရာယ်ကင်းအောင် မောင်းနှင်နိုင်မှုရှိ၊ မရှိ၊ ယာဉ်သက်တမ်းကျော်လွန်ပြေးဆွဲခြင်း ရှိ၊မရှိ သတ်မှတ်လိုင်စင်၊ လုပ်ငန်းလိုင်စင် များ ပြည့်စုံမှု ရှိ၊ မရှိတို့ကို အပတ်စဉ်စစ်ဆေးခဲ့မှုများကြောင့် ခရီးသွားယာဉ်များနှင့် ကုန်တင်ယာဉ်များ ပိုမို၍စည်းကမ်း တကျ ဖြစ်လာကြောင်း သိရသည်။

(ကုန်းလမ်းပို့ဆောင်ရေး)



နိုင်ငံတော်အစိုးရက ဖန်တီးဆောင်ရွက်ပေးထားသည့် အခြေအနေကောင်းများ ရေရှည်တည်တံ့အောင် ထိန်းသိမ်း အချုပ်အခြာအာဏာကို ထိပါးစေမည့် အဖျက်အမှောင့်ရန်ကို ပြည်သူတစ်ရပ်လုံးက သတိထားစောင့်ကြည့်ကာကွယ်

နေပြည်တော် ဧပြီ ၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မတ် ၃၀ ရက်တွင် ပုလဲမြို့နယ် ပန်းရွာ အခြေခံပညာအထက်တန်းကျောင်းခွဲရှေ့ရှိ ယာယီမဏ္ဍပ်၌ ကျင်းပသော ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။ အဆိုပါတွေ့ဆုံပွဲသို့ ပန်းရွာ၊ ပျော်ဘွယ်၊ အောက်ကျင်း၊ တနယ်၊ ကျောက်ကုန်း၊ လုပ်သား၊ လှော်ကား၊ မွေ့တုံ၊ မင်းရွာ၊ နွားကူး စသည့် ကျေးရွာ ၁၀ ရွာတို့မှ ဒေသခံပြည်သူ စုစုပေါင်း သုံးထောင်ကျော် တက်ရောက်ကြပြီး ကျေးရွာများမှ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

အမှာစကား ပြောကြား

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုလဲမြို့နယ် ညောင်ကုန်းကျေးရွာ၌ ကျေးရွာ ၁၁ ရွာတို့မှ ဒေသခံ ပြည်သူများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ပြည်သူအားလုံးသည် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက ဖန်တီးဆောင်ရွက်ပေးထားသည့် အခြေအနေကောင်းများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရန် လိုအပ်သကဲ့သို့ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးစေမည့် အဖျက်အမှောင့်ရန်ကိုလည်း ပြည်သူတစ်ရပ်လုံးက သတိထား စောင့်ကြည့်ကာကွယ်ကြရမည် ဖြစ်ကြောင်း၊ မိမိဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံတော်ကို စောင့်ရှောက်ခြင်းပင်ဖြစ်၍ ပြည်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် လိုကြောင်း စသည်ဖြင့် တိုက်တွန်းမှာကြားသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူးက တက်ရောက်လာကြသော ကျေးရွာများ၏ ပညာရေးနှင့် ကျန်းမာရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ပန်းရွာအထက်တန်းကျောင်းခွဲ အဆောက်အအုံသစ်အတွက် ငွေကျပ်ငါးသိန်း၊ မွေ့တုံကျေးရွာ မူလတန်းလွန်ကျောင်း အဆောက်အအုံအတွက် ငွေကျပ်တစ်သိန်း စုစုပေါင်း ငွေကျပ်ခြောက်သိန်းကို လည်းကောင်း၊ ကျေးလက်စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ၊ ကျောင်းသား၊

ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ဒေသခံပြည်သူများအတွက် ဆပ်ပြာ၊ ဒန်အိုး၊ မျက်နှာသုတ်ပဝါနှင့် မိုးကာစများကို လည်းကောင်း တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် နံနက် ၁၁ နာရီတွင် ညောင်ကုန်းကျေးရွာ မူလတန်းလွန်ကျောင်းရှေ့ရှိ ယာယီမဏ္ဍပ်၌ ကျင်းပသော တွေ့ဆုံပွဲသို့ တက်ရောက်သည်။ အဆိုပါ တွေ့ဆုံပွဲသို့ ညောင်ကုန်း၊ ညောင်ကန်၊ ဖိုကုန်း၊ မကျီးခွ၊ ကံကြီး၊ ဓောင်ဂျမ်းကုန်း၊ ရွာသာ၊ ရွာထင်၊ လိန်ကုန်း၊ ရွှေလောင်း၊ ကံပေါက် စသည့် ကျေးရွာ ၁၁ ရွာတို့မှ ဒေသခံပြည်သူ ၂၅၀၀ ကျော် တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ညောင်ကုန်းကျေးရွာမှ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဗဟိုအတွင်းရေးမှူးက တာဝန်ရှိသူများနှင့် ပေါင်းစပ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူများက ပူးပေါင်းဆောင်ရွက်ကြရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူးက ညောင်ကုန်းကျေးရွာ မူလတန်းကျောင်း အဆောက်အအုံအတွက် ငွေကျပ် နှစ်သိန်းကို လည်းကောင်း၊ ကျေးလက် စာကြည့်တိုက်များအတွက် စာအုပ်စာတမ်းများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ဒေသခံပြည်သူများအတွက် စောင်၊ ဆပ်ပြာ၊ ဒန်အိုး၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကိုလည်းကောင်း ပေးအပ်ပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မွန်းလွဲ ၂ နာရီခွဲတွင် ပုလဲမြို့ရှိ ဗုဒ္ဓဝိဟာရသာသနာ့ဗိမာန်ခန်းမ၌ ကျင်းပသော တွေ့ဆုံပွဲသို့ တက်ရောက်သည်။ အဆိုပါ တွေ့ဆုံပွဲသို့ ပုလဲမြို့ပေါ်မှ ပုလဲ(တောင်)ရပ်ကွက်၊ ပုလဲ (မြောက်) ရပ်ကွက်တို့မှ ပြည်သူများ၊ ဇေတီယျုံ၊ သေတ္တာရာ၊ မြကုန်း၊ အလယ်ဘုံ၊ အေးကုန်း၊ နွယ်ရှောက်၊ ကြောင်သန်း၊ ကျေးနင်း၊ နားတော်လျှောက်၊ ကျွန်းဘိုကုန်း၊ ကြိုးကြာ၃ စသည့် ရပ်ကွက်၊ ကျေးရွာ ၁၃ ခုတို့မှ ဒေသခံပြည်သူ ၃၀၀၀ ခန့် တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တက်ရောက်လာကြသော ရပ်ကွက်၊ ကျေးရွာများမှ တာဝန်ရှိသူတို့က ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဗဟိုအတွင်းရေးမှူးက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ယင်းလုပ်ငန်းများတွင် ပြည်သူအားလုံးက ပူးပေါင်း ပါဝင်ဆောင်ရွက်ရေးအတွက် အကျယ်တဝင့် မှာကြားသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပုလဲမြို့ ဗုဒ္ဓဝိဟာရ သာသနာ့ဗိမာန် ဆောက်လုပ်ရေးအတွက် ငွေကျပ်ငါးသိန်း၊ ပုလဲမြို့ သံဃာ့ဆေးရုံ ဆောက်လုပ်ရေးအတွက် အလှူငွေကျပ် သုံးသိန်း၊ နွယ်ရှောက်ကျေးရွာ မူလတန်းကျောင်း အဆောက်အအုံအတွက် ငွေကျပ်တစ်သိန်းနှင့် သေတ္တာရာကျေးရွာ မူလတန်းကျောင်း အမိုးအတွက် ငွေကျပ်တစ်သိန်းကို လည်းကောင်း၊ ကျေးလက်စာကြည့်တိုက်များအတွက် စာအုပ်စာတမ်းများ၊ ဒေသခံပြည်သူများအတွက် ဆပ်ပြာ၊ ပလတ်စတစ် ကြိုးခွေ၊ ခြင်ထောင်များကိုလည်းကောင်း ပေးအပ်လှူဒါန်းပြီး တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ညပိုင်းတွင် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပုလဲမြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန အမျိုးသမီး အိမ်တွင်းသက်မွေးပညာသင်တန်းကျောင်းခန်းမ၌ ပုလဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ရပ်ကွက်ကျေးရွာများမှ စည်းရုံးရေးမှူးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပုလဲမြို့နယ် အတွင်းရေးမှူး ဦးတင့်ဆွေနှင့် ရပ်ကွက်နှင့် ကျေးရွာ စည်းရုံးရေးမှူးများက ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် စည်းရုံးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ စည်းရုံးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး ပံ့ပိုးငွေများ ပေးအပ်ခဲ့သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃-၄-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အကပြိုင်ပွဲ
၇း၅၅	၅။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (နာမည်ကျော်ကြား စစ်ကိုင်းမြို့မှ ကြိမ်ထည်လက်ရာများ)
၈း၁၅	၆။	တေးဂီတအစီအစဉ်
၈း၃၀	၇။	International News.
၈း၄၀	၈။	**“ရေမြင့်ကြာတင့်” (ခန့်စည်သူ၊ရော၊ငှက်ပျောကြော်၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)**
၉း၀၀	၉။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၅	၃။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - စတုတ္ထနှစ်(ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၄း၄၀	၄။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄း၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၅း၁၀	၆။	Local Talent
၅း၂၅	၇။	တေးဂီတအစီအစဉ်
၅း၄၀	၈။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၀၀	၉။	ညနေခင်းသတင်း
၆း၃၀	၁၀။	မိုးလေဝသအခြေအနေ
၆း၃၅	၁၁။	**“ဆုံစည်းခွင့်” (ဖိုးသောကြာ၊မင်းထက်ကျော်ဇင်၊ မြတ်ကေသီအောင်၊ချစ်သုဝေ) (ဒါရိုက်တာ- သိန်းဟန်-ဖီးနစ်)**
၆း၅၀	၁၂။	တေးဂီတအစီအစဉ်
၇း၀၀	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ “လေဒီယာနှင့်ဆုံစည်းခြင်း” (အပိုင်း-၂၀)**
၇း၅၀	၁၄။	ထေရဝါဒဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေး ဆရာဒကာလက်တွဲ ညီစွာ ကြိုးပမ်းဆောင်ရွက်မှု (အပိုင်း-၄)
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	**နိုင်ငံခြားဇာတ်လမ်းတွဲ “ဘဝဆက်တိုင်း” (အပိုင်း-၁၃)**
	၁၉။	အစီအစဉ်ပြီး၏။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုလဲမြို့နယ် ပန်းရွာ၌ ကျေးရွာများ၏ ပညာရေး၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများအတွက် အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

➪ ပြည်သူများမှ

ကျန်းမာရေးစောင့်ရှောက်မှုကို အဆင့်အတန်းမြင့်မားစွာ ဆောင်ရွက်နိုင်ရန် ဆေးတက္ကသိုလ်များမှ ဆရာဝန်များ၏ အရည်အချင်း ပြည့်ဝအောင် လေ့ကျင့်မွေးထုတ်ပေးကြရမည် ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ဆေးတက္ကသိုလ် စာကြည့်တိုက်၊ ကျောင်းသား၊ ကျောင်းသူများ ပညာရပ်ဆိုင်ရာ လေ့လာမှုနှင့် ကွန်ပျူတာအသုံးချပညာရပ်ဆိုင်ရာ လေ့လာသင်ကြားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် အဖွဲ့ဝင်များသည် ဧပြီ ၁ ရက်တွင် တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) သို့ သွားရောက်၍ အစည်းအဝေးခန်းမ၌ ခေတ္တပါမောက္ခချုပ် ဒေါက်တာလွင်ကိုနှင့် ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ မန္တလေးတိုင်း တိုင်းရင်းဆေးပညာ ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ တိုင်းရင်းဆေးသိပ္ပံသင်တန်းကျောင်းအုပ်ကြီးနှင့်ဝန်ထမ်းများ၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးစက်ရုံမှ ဝန်ထမ်းများအား တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက တိုင်းရင်းဆေးပညာမြင့်တင်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတကာအဆင့်မီ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွင် ထိရောက်စွာကူညီပေးနိုင်သည့် သိပ္ပံနည်းကျဖော်စပ်၍ အရည်အသွေးအာမခံပြီး အန္တရာယ်ကင်းသည့် တိုင်းရင်းဆေးဝါးများ ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်းဖြင့် လမ်းညွှန်မှာကြားချက်များရှိကြောင်း၊ ပြည်သူအားလုံးကို အထောက်အကူပြုစေရန် တိုင်းရင်းဆေးဝါးများ အဆင့်အတန်းမြင့်စွာ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်း မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် သူနာပြုတက္ကသိုလ်၊ (မန္တလေး) စာသင်ဆောင်ခန်းမ၌ သူနာပြုတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ သားဖွားသင်တန်းကျောင်း၊ သူနာပြုသင်တန်းကျောင်းများမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ သင်တန်းဆရာများနှင့် တွေ့ဆုံ၍ သူနာပြုများ၏ စွမ်းဆောင်မှု အရည်အသွေးမြှင့်တင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❒ ဒိုင်နိုဆောခေတ်မှ

ယင်းမိကျောင်း၏ မေးရိုး၊ ဦးခေါင်းနှင့် ကျောရိုးများကို ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်း ပီလီယိုဆင်းကပ် သက်တမ်းရှိ ကျောက်လွှာတွင် တွေ့ရှိခြင်းဖြစ်သည်။

ရှေးနှစ်သန်းပေါင်းများစွာအချိန်က ဘရာဇီးနိုင်ငံ၏ အရှေ့မြောက်အရပ် မြေလွှာထုနှင့် အာဖရိကတိုက် မြေလွှာချပ်တို့သည် ယခုခေတ်ကာလကဲ့သို့ ခရီးကွာဝေးလှသည်မဟုတ်ဘဲ နီးကပ်စွာတည်ရှိခဲ့ကြောင်း ကျောက်ဖြစ်ရုပ်ကြွင်း ဗေဒပညာရှင် မာရီယာဆိုမာလီယာဗီယာနာက ပြောကြားသည်။ ဒိုင်နိုဆော မျိုးသုဉ်းသွားသောအခါ ယင်းမိကျောင်းမျိုးသာ ရေပြင်၌ တွင်ကျယ်လာဟန် ရှိသည်ဟု ဆိုသည်။

ထိုအမျိုးအစား မိကျောင်းသည် ၁၀ပေခန့်အထိ ကြီးထွားနိုင်ပြီး တောင်အမေရိကတွင် ကျက်စားရာမှ မြောက်အမေရိကသို့ပါ ပျံ့နှံ့သွားဟန်ရှိကြောင်း သုတေသီ အလက်ဇန္ဒားကီလ်နာက ပြောကြားသည်။ ဘရာဇီးနိုင်ငံ ပါနမ်ဘူကိုတက္ကသိုလ်နှင့် ရီယိုဒီဂျနေရိုး တက္ကသိုလ်တို့မှ ပညာရှင်များသည် ၎င်းတို့၏တွေ့ရှိချက်များကို ရှိုင်ရယ်ဆိုဆိုင်ရတီ စာစောင်တွင် ပုံနှိပ်ဖော်ပြထားသည်။

အင်တာနက်။

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြု ကျောက်ချောကတ္တရာလမ်းသစ် ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂

(၆၃)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ ဗိုလ်တထောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဆောင်ရွက်ပြီးစီးသော ဗိုလ်တထောင်မြို့နယ် အမှတ် ၅ ရပ်ကွက် ၄၉လမ်းနှင့် မေတ္တာလမ်း ကျောက်ချော ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ ရက် နံနက် ၇ နာရီတွင် ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်းနှင့် ၄၉ လမ်းဆုံရှိ မုခ်ဦးရှေ့၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း တက်ရောက်၍ဖွင့်လှစ်ပေးသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဦးဆောင်၍ ကျောက်ချောကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။ (၁၉)

ရှေးဦးစွာ ကျောက်ချော ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ကုန်သည်လမ်းနှင့် (၄၉)လမ်းဆုံရှိ မုခ်ဦးရှေ့၌ ကျင်းပရာ မင်္ဂလာအချိန်၌ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ရန်ကုန်တိုင်း အသင်းအလုပ်အမှုဆောင် ဦးမင်းသိမ်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသိန်းအောင်တို့က ၄၉ လမ်းနှင့် မေတ္တာ လမ်းကျောက်ချောကတ္တရာ လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ပေးအပ်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က အမှာစကားပြောကြားပြီး အမှတ်(၅)ရပ်ကွက်နေ ပြည်သူများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ၃၈၅စောင်ကို လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်က ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က လက်ခံပြီး အသင်းဝင် အသိအမှတ်ပြုကတ်ပြားများ ပြန်လည်ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်နှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များသည် လမ်းသစ်များအတွင်း ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ယနေ့ဖွင့်လှစ်သည့် ဗိုလ်တထောင်မြို့နယ် အမှတ်(၅)ရပ်ကွက် ၄၉လမ်းသည် လမ်းအရှည်ပေ ၅၀၀ နှင့်အကျယ်ပေ ၂၀ ရှိပြီး မေတ္တာလမ်းသည် လမ်းအရှည် ပေ ၃၅၀နှင့် အကျယ် ၁၈ ပေ ရှိကြောင်း သိရသည်။ **(၁၉)**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် မြတ်ကြီးဂေါပကရုံး အစည်းအဝေးခန်းမ၌ ပူဇော်ရန် **Saw Family International Co., Ltd.** ဦးစောကြိုင်-ဒေါ်ကြင်ဌေး သား၊ သမီးတစ်စုက ရွှေဘုရားတစ်ဆူ လှူဒါန်းရာ အလှည့်ကျသဘာပတိ ဦးခင်မောင်အေး၊ ဦးတင်ဦး၊ ဦးလှမင်း၊ ဦးမြသိန်း၊ ဦးလှမင်းတို့ လက်ခံယူစဉ်။

(က-ပ)

ရှင်အပါး ၁၀၀ နှင့် သီလရှင်အပါး ၃၀ ပြုပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၂

စစ်ကိုင်းတိုင်း အရာတော်မြို့နယ် ဘောင်းကျကျေးရွာ၌ ရှင်အပါး ၁၀၀ ပြုပွဲနှင့် သီလရှင် အပါး ၃၀ ပြုပေးပွဲ မင်္ဂလာအခမ်းအနားကို မတ် ၁၆ ရက်တွင် အဆိုပါကျေးရွာရှိ မင်္ဂလာမဏ္ဍပ်၌ ပထမအကြိမ်အဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ဆရာတော်၊ သံဃာတော် အပါး ၁၀၀ တို့ ကြွရောက်တော်မူကြပြီး အလှူရှင် မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ရွှေတောင်ကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော်ဓမ္မကထိကဗဟုဇနဟိတရေ ဘဒ္ဒန္တဝိမလနှင့် ခမည်းတော် ဦးစံဝင့် မယ်တော် (ဒေါ်ရွှေ)မိသားစု၊အရာတော်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရှင်လောင်းများ၏ မိဘများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ဘောင်းကျကျေးရွာအုပ်စု ရဲချင်းကျေးရွာ မြောက်ကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တရာဇိန္ဒက မင်္ဂလာတရားတော်များကို ဟောကြားချီးမြှင့်တော်မူပြီး ဆရာတော်များထံမှ သြဝါဒကထာများကို နာယူကြသည်။

အဆိုပါ အခမ်းအနားကျင်းပရာတွင် အလှူရှင်ဆရာတော်နှင့် မိသားစုတို့က ငွေကျပ်သိန်း ၃၅၀ ကုန်ကျကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့၌ တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာစေတီတော်ကြီးအတွက် စမ်းချောင်းမြို့နယ် ရွှေပြည်အေးလမ်းနေ အလှူရှင် ဦးသိန်းကြည်-ဒေါ်အေးအေးဝင်းက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ ဖလား ဘတ်စကက်ဘောပြိုင်ပွဲ ဧပြီ ၂၅ ရက်၌စမည်

ရန်ကုန် ဧပြီ ၂

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၀၈ ခုနှစ်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား ဘတ်စကက်ဘော ပြိုင်ပွဲကို ဧပြီ ၂၅ ရက်မှစ၍ အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲတွင် အလွတ်တန်းပြိုင်ပွဲ၊ အသက် (၄၀)နှင့်အထက် ပြိုင်ပွဲ၊ အသက် (၂၀)နှင့် အောက်ပြိုင်ပွဲ၊ အသက်(၁၆)နှစ်နှင့်အောက်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများ စုစုပေါင်း ရှစ်ပွဲ ကျင်းပသွားမည်ဖြစ်သည်။ ဆုကြေးများအဖြစ် ပြိုင်ပွဲ ရှစ်ပွဲစလုံးတွင် ပြိုင်ပွဲတစ်ခုစီ၌ ပထမဆုကျပ် ၁၀ သိန်း၊ ဒုတိယဆု ကျပ်ခြောက်သိန်း၊ တတိယဆု ကျပ်သုံးသိန်း၊ အသန့်ရှင်းဆုံး အသင်းဆု ကျပ်နှစ်သိန်း၊ အထူးချွန်ဆုံး အားကစားသမားဆု ကျပ်နှစ်သိန်း၊ အကောင်းဆုံး ခံစစ်ကစားသူဆု ကျပ်တစ်သိန်းနှင့် အကောင်းဆုံး ပြန်ကျဘောဖမ်းသူဆု ကျပ်တစ်သိန်း တို့ဖြင့် ထိုက်ထိုက်တန်တန် ဆုများ ချီးမြှင့်သွားမည် ဖြစ်သည်။

ပြိုင်ပွဲဝင်အသင်း တစ်သင်းလျှင် ကစားသမားအနည်းဆုံး ၁၀ ဦး၊ နည်းပြတစ်ဦး၊ အုပ်ချုပ်သူ တစ်ဦးတို့ ပါဝင်ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကြေးအဖြစ် ကျပ်တစ်သောင်း သတ်မှတ်ထားသည်။ ပြိုင်ပွဲဝင် အသင်းများအား ကျပ်တစ်သိန်းစီ ထောက်ပံ့ချီးမြှင့်သွားမည်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းများမှ လာရောက်ယှဉ်ပြိုင်သော အသင်းများကိုလည်း စားသောက်နေထိုင်ရေးအတွက် စီစဉ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အသက်(၂၀)အောက် ပြိုင်ပွဲအတွက် ၁၉၈၈ခုနှစ် မွေးဖွားသူ၊ အသက်(၁၆) နှစ် အောက်ပြိုင်ပွဲအတွက် ၁၉၉၂ ခုနှစ် မွေးဖွားသူ ဖြစ်ရမည်ဖြစ်ပြီး သက်တမ်းအလိုက်ပြိုင်ပွဲများအတွက် မွေးစာရင်း မူရင်းနှင့် မှတ်ပုံတင် တင်ပြရမည်ဖြစ်သည်။ အထူးအစီအစဉ်အဖြစ် သက်တမ်းအလိုက် ပြိုင်ပွဲများ ကျင်းပနေစဉ် ခေတ္တရပ်နား ချိန်၌ ဂိုးသွင်းပြိုင်ပွဲများနှင့် ဘောလုံး ပုတ်စွမ်းရည်ပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသည့် အသင်းများသည် ဧပြီ ၂၁ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ် သိရှိလိုပါက ဖုန်း-၅၅၆၉၅၂၊ ၅၅၈၂၀၈၊ ၅၄၁၄၂၁၊ ၀၉၅၀၁၈၆၆၀ နှင့် ၀၉၅၁၅ ၉၅၉၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ ပြိုင်ပွဲ ပွဲစဉ်များကို ဧပြီ ၂၃ ရက် နံနက် ၁၀ နာရီတွင် ကျိုက္ကဆံ အားကစားရုံ၌ ရေးဆွဲသွားမည် ဖြစ်သည်။ (ကြေးမုံ)

ရေနံချောင်းမြို့ အထက(၁)၌ ဆရာတော်အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) မတည်၍ လှူဒါန်းဆောက်လုပ်လျက်ရှိသော ရွှေပါရမီ ကျောင်းဆောင်သစ်အတွက် ရေနံချောင်းမြို့ မန်ကျည်းလေးပင်ရပ်နေ ဘာမင်နီယာ ဦးလှအောင်၊ ဒေါ်ချော သား၊ သမီး၊ မြေးတစ်စု (ဘာမင်နီယာ စက်မှုလက်မှု)က ငွေကျပ် ငါးသိန်းကို ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးဝင်းထွန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဗဟန်းမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၂

ဗဟန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၀၈ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် ထောက်ပံ့ငွေ ပေးအပ်ခြင်း အခမ်းအနားကို မတ်၂၃ ရက် နံနက် ၁၀ နာရီက နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် သဘာပတိအဖြစ် ဗိုလ်ချုပ်တင်စိန်(အငြိမ်းစား)က ဆောင်ရွက်ပြီး မြို့နယ်စည်းရုံးရေးကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားဆွေးနွေးကာ အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မသန်စွမ်းစစ်သည်များနှင့် ပညာထူးချွန်သော စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သား၊ သမီးများအား ထောက်ပံ့ငွေများ ပေးအပ်သည်။ ဗဟန်းမြို့နယ် စစ်မှုထမ်းဟောင်းများက မသန်စွမ်း စစ်သည်များအတွက် ခြေတုတပ်ဆင်ရာတွင် အသုံးပြုရန် အလှူရှင်များက လှူဒါန်းရာ သီရိသုဓမ္မမဏိဇောတရေ၊ သီဟသုဓမ္မမဏိဇောတရေ ဦးဘခန့် မိသားစုက အလှူငွေကျပ် ၂၅၀၀၀၀ **(အပေါ်ပုံ)**၊ ဦးအောင်ဇော်မြင့်-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင် မိသားစုက အလှူငွေကျပ် ၁၅၀၀၀၀ နှင့် သီဟသုဓမ္မမဏိဇောတရေ ဦးစိုးသိန်း-သုဓမ္မသိင်္ဂီ ဒေါ်ယဉ်ယဉ်နု မိသားစုက အလှူငွေကျပ် ၅၀၀၀၀ အသီးသီးလှူဒါန်းရာ မြို့နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ (ကြေးမုံ)

မတ် ၂၇ ရက်က (၆၃)နှစ်မြောက် တပ်မတော်နေ့ ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ကကြီးမှူးပြီး **Myanmar C.P Co., Ltd.** ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် တင်းနစ်ပြိုင်ပွဲတွင် အသင်းလိုက်ပြိုင်ပွဲ(က) အဆင့်နှင့်(ခ)အဆင့် ပထမဒိုင်းဆု ရရှိသော **Amazing One**အသင်းအား ဆုယူအပြီး တွေ့ရစဉ်။ (ကြေးမုံ)

ရှောင်လေဝေးဝေး မူးယစ်ဆေး

မဟာသင်္ကြန်ကာလ အလှူဒါနပြုကြမည့်သူများအတွက် စားသောက်ကုန်ဈေးကွက်

သတင်းမှတ်စုနှင့် ဓာတ်ပုံ
တင်ဝင်းလေး(ကြည့်မြင်တိုင်)

သင်္ကြန်ကို ကြိုနေသော သီချင်းသံတို့သည် ဟိုမှသည်မှ တစ်စ တစ်စကြားနေရာမှ မိုးကလေး တစ်ပြိုက်နှစ်ပြိုက်ရွာသွန်းလိုက်မှုကြောင့် သင်္ကြန်၏ အထိမ်းအမှတ် ပန်းပိတောက်တို့သည်လည်း ပင်လုံးကျွတ်မျှ ပွင့်ကြလေပြီ။

အလှူရေစက် လက်နှင့်မကွာ လှူဒါန်းကြသော မြန်မာတို့အဖို့ သင်္ကြန်ရက်နှင့် နှစ်ဦး နှစ်ဆန်းတွင် မိသားစုတစ်ပိုင်တစ်နိုင် မုန့်လုပ်ကာ တစ်အိမ်နှင့်တစ်အိမ် အပြန်အလှန် ပေးဝေလှူဒါန်းမှုမှသည် အုန်းလက်မဏ္ဍပ်များထိုးကာ လမ်းအလိုက်၊ ရပ်ကွက်အလိုက် မုန့်လုံးရေပေါ်၊ ရွှေရင်အေး၊ မုန့်လက်ဆောင်း၊ သာကူ၊ ကြာဆံချက် စသော အာဟာရဒါန စတုဒိသာ ကျွေးမွေးလှူဒါန်းကြသည်မှာ မြန်မာတို့၏ မြတ်နိုးဖွယ် ကောင်းသောဓလေ့ပင် ဖြစ်ပေသည်။

ထို့အပြင် သင်္ကြန်ရက်အတွင်း ဥပုသ်သီတင်း ဆောက်တည်ရာတွင် ဝီစိကိစ္စမများရလေအောင် နေ့စဉ် ဈေးမသွားကြတော့ဘဲ မီးဖိုချောင်သုံး စားသောက်ကုန်တို့အား ဝယ်ယူစုဆောင်းတတ်ကြသည်။ ထို့ကြောင့် သင်္ကြန်အကြို စားသောက်ကုန်ပစ္စည်းများနှင့် ဈေးနှုန်းတို့ကို တင်ပြလိုက်ပါသည်။

နယ်ကုန်သည်များအတွက် ဤသို့ထုပ်ပိုးလျက်။

အလှူဒါနနှင့် ဆက်စပ်သောပစ္စည်းများ

အုန်းသီး(အခွံကျွတ်) တစ်လုံးကျပ် ၃၅၀၊ သာကူ တစ်ပိဿာ ကျပ် ၉၀၀၊ ကျောက်ကျော တယ်လီဖုန်းတံဆိပ်(အကြီး) တစ်ထုပ်ကျပ် ၁၇၀၀၊(အသေး) ကျပ် ၈၅၀၊ အာဂါးတံဆိပ် ကျပ် ၅၅၀၊ ကောက်ညှင်းဆန် တစ်ပြည် ကျပ် ၁၃၀၀၊ ကောက်ညှင်းဆန်ကွဲ တစ်ပြည် ကျပ် ၇၀၀၊ ဆန်ကြမ်းတစ်ပြည် ကျပ် ၆၅၀၊ ကြာဆံ ငါးဆယ်ကျပ်သားထုပ် တစ်ထုပ် ကျပ် ၅၀၀၊ မှိုခြောက် တစ်ပိဿာ ကျပ် ၁၀၀၀၊ ပန်းခြောက် တစ်ပိဿာ ကျပ် ၈၀၀၀၊ အသားတု(ဂျုံ/ပဲ) တစ်ပိဿာ ကျပ် ၂၅၀၀၊ မုန့်လက်ဆောင်းဖတ် မောင်းထောင်ချိုင့်တစ်လုံး ကျပ် ၆၀၀၊ ထန်းလျက်(မုန့်လုပ်) တစ်ပိဿာ ကျပ် ၇၀၀၊ သကြားတစ်ပိဿာ ကျပ် ၆၅၀၊ နို့ဆီနို့စိမ်း (DAWN)တစ်ဗူး ကျပ် ၈၀၀။

သင်္ကြန်ရက်အတွက် ကြိုတင်ဝယ်ယူနေကြသူများ။

မီးဖိုချောင်သုံး စားသောက်ကုန်များ

ဆန်ချော(ပေါ်ဆန်း/တောင်ပျံ) တစ်ပြည် ကျပ် ၁၂၀၀၊ ပဲဆီ တစ်ပိဿာ ကျပ် ၄၈၀၀၊ ကုလားပဲ တစ်ပိဿာ ကျပ် ၁၁၀၀၊ ပဲနီလေး တစ်ပိဿာ ကျပ် ၂၀၀၀၊ ပဲဝါလေး တစ်ပိဿာ ကျပ် ၁၈၀၀၊ ပဲကြီး (အခွံပါ) တစ်ပြည် ကျပ် ၉၀၀၊ အာလူး တစ်ပိဿာ ကျပ် ၅၀၀၊ ကြက်သွန်နီ (မြစ်သား)တစ်ပိဿာ ကျပ် ၇၀၀(ဆိပ်ဖြူ) ကျပ် ၅၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်) တစ်ပိဿာ ကျပ် ၈၀၀၊ မန်ကျည်းသီးမှည့် တစ်ပိဿာ ကျပ် ၁၀၀၀၊ ငရုတ်သီး(ပု) တစ်ပိဿာ ကျပ် ၅၀၀၀၊ ဟင်းချက်မှုန့် တစ်ပိဿာ ကျပ် ၄၀၀၀၊ ငါးသေတ္တာ (HIQ)တစ်ဘူး ကျပ် ၆၅၀၊ (Ready) ကျပ် ၄၅၀။

ငါးခြောက်များ

ငါးရံ့ခြောက်(အပြား) တစ်ပိဿာ ကျပ် ၇၅၀၀မှ ကျပ် ၁၃၀၀၀၊ အာပြဲခြောက် တစ်ပိဿာ ကျပ် ၃၅၀၀ မှ ကျပ် ၆၀၀၀၊ ငါးကွမ်းရှပ်(အရိုးလွတ်) တစ်ပိဿာ ကျပ် ၇၅၀၀၊ အရိုးအသား တစ်ပိဿာ ကျပ် ၇၀၀၀၊ ငါးမွေထိုးခြောက် တစ်ပိဿာ ကျပ် ၆၀၀၀၊ ငါးကျည်းခြောက် တစ်ပိဿာ ကျပ် ၉၀၀၀၊ ဆတ်သားခြောက် တစ်ပိဿာ ကျပ် ၁၂၀၀၀။

ယင်းဈေးနှုန်းများသည် မတ် ၃၁ရက်၌ ကြည့်မြင်တိုင်မြို့နယ် အတွင်းရှိ သီရိမင်္ဂလာဈေးကြီးနှင့် ထီးတန်းဈေးကြီးများမှကွင်းဆင်းကောက်ယူရရှိသော လက်လီဈေးနှုန်းများသာ ဖြစ်ပါသည်။ အကြိုန်ကာလ အလှူဒါနပြု ကြမည့်သူများအတွက် သင်္ကြန်အကြို ကာလ စားသောက်ကုန်ဈေးကွက်အား မိတ်ဆက် တင်ပြလိုက်ရပါသည်။ ။

ချမ်းမြသာစည်မြို့နယ်တွင် မော်တော်ဆိုင်ကယ်တိုက်မိရာမှ လူသေဆုံး

ရန်ကုန် ဧပြီ ၂

ချမ်းမြသာစည်မြို့နယ် သံလျက်မော်တောင်ရပ်ကွက် မန္တလေးကန်တော်ကြီး အပျော်စီး စက်လှေစခန်းအနီး ကန်ပတ်လမ်းမပေါ်တွင် မတ် ၂၁ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က မော်တော်ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မှု ဖြစ်ပွားရာမှ လူသေဆုံးမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကန်တော်ကြီးပတ်လမ်းတွင် အရှေ့မှအနောက်သို့ ဝဏ္ဏမွန် ၃၂နှစ် (ပန်းတန်းရပ်၊ တမ္ပဝတီရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်နေသူ) မောင်းနှင်သည့် အမ်ဘိုအမျိုးအစားဆိုင်ကယ်နှင့် အနောက်မှအရှေ့သို့ အောင်ဆန်း ၃၃ နှစ် (အကွက် ၄၅၇၊ သာယာရွှေဂူဘုရားဝင်း၊ သံလျက်မော်တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်နေသူ) မောင်းနှင်လာသည့် စူပါကပ်ဆိုင်ကယ်တို့သည် တစ်စီးနှင့်တစ်စီး အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင် ဝင်ရောက်တိုက်မိခဲ့ရာ ဝဏ္ဏမွန်သည် ဦးခေါင်း၌ ဒဏ်ရာပြင်းထန်စွာရရှိ၍ အခင်းဖြစ်နေရာတွင်ပင် သေဆုံးခဲ့ပြီး အောင်ဆန်းမှာလည်း ဒဏ်ရာပြင်းထန်သဖြင့် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးသို့ တင်ပို့ထားရသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ မန္တလေးယာဉ်ထိန်းရဲတပ်ဖွဲ့စခန်းမှ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရွှေဆွဲပြားဖြုတ်ပြေးသူအား အရေးယူ

ရန်ကုန် ဧပြီ ၂

တာမွေမြို့နယ် ပုသိမ်ညွန့်ရပ်ကွက် စိတ္တသုခလမ်း အမှတ်၉၉၊ ၃-လွှာတွင် ခေတ္တလာရောက်တည်းခိုနေသူ ဒေါ်အုန်းဝင်းနှင့် သမီးဖြစ်သူ မကေသွယ်ဖြိုး အသက်ခုနစ်နှစ်တို့သည် မတ် ၂၇ ရက် နံနက် ၇ နာရီ ၄၅ မိနစ်က ပုသိမ်ညွန့်ရပ်ကွက် မေတ္တာပေါင်းကူးတံတားဖွင့်ပွဲ အခမ်းအနားအား ရပ်ကြည့်ခဲ့ကြောင်း၊ ခဏအကြာ ဒေါ်အုန်းဝင်းက သမီးငယ်အား ထား၍ ခေတ္တတည်းခိုသည့် နေအိမ်သို့ပြန်သွားပြီး သမီးရှိရာသို့ ပြန်လာစဉ် လူများ ရုတ်ရုတ်သဲသဲဖြစ်နေ၍ မေးမြန်းရာ သမီးဖြစ်သူ၏ လည်ပင်းတွင် ဆွဲထားသော လက်ဖွဲ့ကြိုးနှင့်တွဲလျက် ရွှေဆွဲကြိုးပြားအပိုင်းတစ်ခု၊ ရွှေနားတောင်းတစ်ရံ စုစုပေါင်း တန်ဖိုးငွေကျပ်၆၄၀၀၀အား မစန်းစန်းမြင့် သဘော်ာ ကျင်းရပ်ကွက် ဒေါပုံမြို့နယ် နေသူက ဖြုတ်ယူထွက်ပြေးစဉ် ရပ်ကွက် တာဝန်ရှိသူများက ဝိုင်းဝန်းဖမ်းဆီးရမိခဲ့သည်။

ရွှေဆွဲပြား ဖြုတ်ယူထွက်ပြေးသူ မစန်းစန်းမြင့်အား တာမွေရဲစခန်းမှ (ပ)၄၄၃/၀၈ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ- ၃၆၉/၃၇၉ ဖြင့် အမှုဖွင့်အရေးယူထား ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြေးမုံ The Mirror — မှုခင်းသတင်းများ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပန်းခြံမှတ်တိုင်အနီး ယာဉ်နှစ်စီးတိုက်မိ

ရန်ကုန် ဧပြီ ၂

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ပြည်ထောင်စုလမ်းနှင့် ပုလဲရတနာလမ်းဆုံ ပန်းခြံမှတ်တိုင်အနီးတွင် မတ် ၂၀ ရက် ည ၁၁ နာရီ ၄၅ မိနစ်ခန့်က ပြည်ထောင်စုလမ်းအတိုင်း မြောက်မှတောင်သို့ ဦးတင်ခိုင်(၅၃)နှစ် (ကော့သောင်းလမ်း၊ ၁၈ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်)မောင်းနှင်သည့် တိုယိုတာစပရင်တာ အဖြူရောင်အငှားယာဉ်သည် ပုလဲရတနာလမ်းသို့ ချိုးကွေ့စဉ် အဆိုပါလမ်းအတိုင်း တောင်မှမြောက်သို့ ဦးမြင့်ထွန်း(၃၈)နှစ် (ဈေးလမ်း(၇) ရပ်ကွက် သာကေတမြို့နယ်) နေသူ မောင်းနှင်သည့် ဘောက်စ်ဝက်ဂွန် အဝါရောင်ကိုယ်ပိုင်ယာဉ်ကို တိုက်မိသည်။

ယာဉ်တိုက်မှုကြောင့် ယာဉ်နှစ်စီးစလုံးပျက်စီးသွားပြီး ဘောက်စ်ဝက်ဂွန်ယာဉ်ပေါ်ပါ မောင်နိုင်းနိုင်း ၆နှစ်၊ ၃၂ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်နေသူမှာ ဝဲမျက်ခုံးပွန်းပဲ့ဒဏ်ရာများရရှိကာ သဃ်န်းကျွန်း စံပြဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် တင်ပို့ကုသထားရကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တရားမဝင် သယ်ဆောင်လာသော ကျွန်းသစ်ခွဲသားများသိမ်းဆည်း

ရန်ကုန် ဧပြီ ၂

မတ် ၂၀ ရက် ည ၉ နာရီတွင် ရန်ကုန်မြို့မှ ပဲခူးမြို့သို့ ယာဉ်မောင်း ဌေးလွင်မိုး မောင်းနှင်သော ၁ခ/၂၀၄၂ နစ်ဆန်းကုန်တင်ယာဉ်အား အင်းတိုင်ကင်းစခန်း၌ သစ်တောဦးစီးဌာနမှ စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် တရားမဝင် သယ်ဆောင်လာသော ကျွန်းသစ်ခွဲသားဆိုဒ်စုံ ၁၃၇ချောင်းနှင့် ကျွန်းတံခါးများ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၇၅၃၈၀ သိမ်းဆည်းရမိသဖြင့် လှည်းကူးရဲစခန်းမှ (ပ) ၁၁၅/၀၈၊ သစ်တောအက်ဥပဒေပုဒ်မ ၄၃ (က) အရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ (က-ပ)

ပိုက်ဆံအိတ်ခိုးသူအား လှည့်ကင်းအဖွဲ့မှ ဖမ်းမိ

ရန်ကုန် ဧပြီ ၂

အလုံမြို့နယ် ဂဠုန်ရပ်ကွက် ကွင်းကျောင်းလမ်းတွင်နေသူ ဒေါ်စန္ဒာသည် မတ် ၂၆ ရက် နံနက် ၇ နာရီက သီရိမင်္ဂလာဈေးတွင် ဈေးရောင်းပြီး နေအိမ်သို့ ပြန်ရောက်စဉ် ဈေးရောင်းရငွေ ကျပ် ၁၀၄၀၀၀၀ အား ခရီးဆောင်အိတ် အတွင်းထည့်ကာ အိပ်ခန်းတံခါးပေါက်ဘေးတွင်ထား၍ အိပ်ရာဝင်ခဲ့ကြောင်း၊ မတ် ၂၇ ရက် နံနက် ၁ နာရီ အိပ်ရာမှနိုး၍ ငွေထည့်ထားသော ခရီးဆောင်အိတ်အား စစ်ဆေးရာ ဇစ်ပွင့်နေပြီး ငွေများပျောက်ဆုံးနေကြောင်း တွေ့ရှိရသဖြင့် အလုံရဲစခန်းသို့ တိုင်တန်းခဲ့သည်။

အလုံရဲစခန်းမှ ဒုရဲအုပ် ကိုကိုလွင်နှင့် လှည့်ကင်းအဖွဲ့မှ အလုံမြို့နယ် ကမ်းနားလမ်းကျောင်းကြီးထိပ်တွင် အောင်အောင်၊ သခင်ဖိုးလှကြီး (၆)လမ်း ၁၈/ရပ်ကွက် လှိုင်သာယာနေသူအား ပျောက်ဆုံးငွေများနှင့်အတူ ဖမ်းဆီးရမိသဖြင့် အလုံရဲစခန်းမှ (ပ)၇၄/၀၈ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၈၀ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃-၄-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	မြန်မာသင်္ကြန်
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၂၀	၃။	အမျိုးသားရေးတေးကဗျာ
၄:၃၀	၄။	မြန်မာသံစဉ် ချိုနားဝင်
၄:၄၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၄:၅၀	၆။	မြန်မာသင်္ကြန်
၅:၂၀	၇။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅:၃၀	၈။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၄၅	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	မြန်မာသင်္ကြန်
၆:၂၅	၁၃။	**ကာတွန်းအစီအစဉ် – ငါးကလေးရဲ့စွန့်စားခန်း (အပိုင်း-၃၅)**
၆:၄၅	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပုံရိပ်ပမာ (အပိုင်း-၈၇) ဇာတ်သိမ်း**
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
	၂၁။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၂။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – စည်းခြားထားသော အချစ် (အပိုင်း-၁၉)**
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တိုင်းရင်း ဆေးတက္ကသိုလ် (မန္တလေး) ခေတ္တပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ မန္တလေးတိုင်း တိုင်းရင်းဆေးပညာ ဦးစီးဌာန မှူးနှင့် ဝန်ထမ်းများ၊ တိုင်းရင်း ဆေးသိပ္ပံ သင်တန်းကျောင်းအုပ် ကြီးနှင့် ဝန်ထမ်းများ၊ တိုင်းရင်း ဆေးဝါး ထုတ်လုပ်ရေးစက်ရုံမှ ဝန်ထမ်းများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂-၄-၂၀၀၈

နေပြည်တော်
၁ ဒသမ ဝ၃ လက်မ

ကျောက်ပန်းတောင်း
၂ ဒသမ ၃၄ လက်မ

ခရမ်း
၁ ဒသမ ၈၉ လက်မ

နမ့်စန်
၁ ဒသမ ၈၁ လက်မ

ပြည်သူများ၏ ကျန်းမာရေးကို အဆင့်အတန်းမြင့်မားစွာ စောင့်ရှောက်နိုင်ရန် ဆေးတက္ကသိုလ်များက ဆရာဝန်များ၏အရည်အချင်း ပြည့်ဝအောင် လေ့ကျင့်မွေးထုတ်

နေပြည်တော် ဧပြီ ၂

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၃၁ ရက်တွင် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိပြီး ဆေးရုံကြီးစာသင်ခန်းမ၌ မန္တလေးမြို့ပေါ်ရှိ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုအုပ်များနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဆေးတက္ကသိုလ် မန္တလေးသို့ရောက်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဆေးတက္ကသိုလ်နှင့် နီးနွယ်သည့် တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ကထိကများနှင့် တွေ့ဆုံ၍ ဝန်ကြီးက ပြည်သူများ၏ **စာမျက်နှာ ၉ ကော်လံ ၃ သို့ ➪**

ကြေးမုံ ဆောင်းပါးအညွှန်း

"ယခု ပြည်ထောင်စု မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) သည် ပထမ၊ ဒုတိယ အခြေခံဥပဒေများမှ ချွတ်ယွင်းချက်၊ ဟာကွက်၊ ပျော့ကွက်များကို ထုတ်နုတ်ဆင်ခြင်ကာ မျက်မှောက်ကာလ ပကတိ အခြေအနေမှန်များကို အခြေပြုလျက် အနာဂတ်အတွက် အကောင်းဆုံး မျှော်မှန်းရေးဆွဲထားသော အခြေခံဥပဒေသစ် ဖြစ်ပေသည်။"

တက္ကသိုလ်မြတ်သူ ၏

"ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် အသင့်လျော်ဆုံး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈)"

(ဆောင်းပါး) စာမျက်နှာ-၆၊၇

ဒိုင်နိုဆောခေတ် မိကျောင်း၏ကျောက်ဖြစ်ရုပ်ကြွင်း ဘရာဇီးနိုင်ငံတွင် တွေ့ရှိ

ကြေးမုံ အင်တာနက်သတင်း

ရီယိုဒီဂျနေရိုး ဧပြီ ၂

ကမ္ဘာဦးကာလတွင် ကျက်စားခဲ့သော ဒိုင်နိုဆောခေတ် မိကျောင်းတစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို ဘရာဇီးနိုင်ငံ၌ တွေ့ရှိရကြောင်း သိပ္ပံသုတေသီများက မကြာသေးမီက ထုတ်ဖော်ပြောကြားသည်။

အဆိုပါမိကျောင်းကို ပင်လယ်စစ်သည်ဟုအမည်ရသော ဂွာရီနီစူချပ်မူနီဇီဟူ၍ အမည်ပေးထားသည်။ ယင်းမိကျောင်းမျိုး၏ မူလပေါက်ဖွားရာအရပ်သည် အာဖရိကဒေသဖြစ်သော်လည်း ရှေးနှစ်ပေါင်း ၆၅သန်းခန့်က ယင်းမိကျောင်းများသည် အမေရိကတိုက် တောင်ပိုင်းဒေသသို့ ရွှေ့ပြောင်းကျက်စားခဲ့ဟန် ရှိသည်ဟု သိပ္ပံပညာရှင်များက ယူဆကြသည်။

စာမျက်နှာ ၉ ကော်လံ ၆ သို့ ❐

ကျောက်ဖြစ်ရုပ်ကြွင်း အစိတ်အပိုင်း

ဒိုင်နိုဆောခေတ် မိကျောင်း၏ ကျောက်ဖြစ်ရုပ်ကြွင်း အစိတ်အပိုင်းကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)